# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်၊ တနင်္လာနေ့။ Monday, 27 July 2026 ၁၂၂၅၂


## ဘယ်အခါမှ အကျိုးမဆုတ်ယုတ်

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဥ္မြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ–၇၆)

## မုန်တိုင်းငယ် အခြေအနေ

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ (ဩရိဿပြည်နယ် မြောက်ပိုင်း–အနောက် ဘင်္ဂလားပြည်နယ်) ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော မုန်တိုင်းငယ်သည် မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်–အနောက်မြောက်ဘက် ရေမိုင် ၂၇၀ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်ရှ်မြို့၏ အရှေ့–အရှေ့မြောက်ဘက် ရေမိုင် ၉၀ မိုင်ခန့်နှင့် ဆာဂါကျွန်း၏ တောင်ဘက် ရေမိုင် ၅၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻

## မြန်မာ့ဒီဂျစ်တယ်အနာဂတ်အတွက် အင်ဂျင်နီယာ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာနှင့် စီးပွားရေးအသိုက်အဝန်းတို့မှ ပါဝင်ဆွေးနွေးသည့် iCEEt 2026 ဆွေးနွေးပွဲ ကျင်းပ




ရန်ကုန် ဇူလိုင် ၂၆

မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်အနာဂတ်၊ AI နည်းပညာအသုံးချမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများအတွက် အင်ဂျင်နီယာ၊ ICT နှင့် စီးပွားရေးကဏ္ဍအသီးသီးမှ ပြည်တွင်းပြည်ပ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးသည့် "iCEEt 2026" ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ချက်ထရီယံဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ၏ AI အသင့်ဖြစ်မှု အင်ဂျင်နီယာဆိုင်ရာ ဂေဟာစနစ်တည်ဆောက်ခြင်း၊ ဆန်းသစ်တီထွင်မှု၊ တိုးတက်မှုနှင့် လွှမ်းခြုံမှုပါသော ဒီဂျစ်တယ်စီးပွားရေးကို မောင်းနှင်ခြင်း၊ မြန်မာဒီဂျစ်တယ်အပြောင်းအလဲ စုပေါင်းမျှော်မှန်းချက်နှင့် ကြိုးပမ်းအားထုတ်မှု ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်းချုပ်၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ စီးပွားရေးလုပ်ငန်းရှင်များအသင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

## တာချီလိတ်မြို့နယ်၌ ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုတိုးမြှင့်ရန် MPT မိုဘိုင်းစခန်းသစ် ဖွင့်လှစ်

ကျိုင်းလပ် ဇူလိုင် ၂၆

တာချီလိတ်မြို့နယ် ဝမ်လန်း(မိုင်းလန်း) ကျေးရွာ၌ ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)၏ မိုဘိုင်းစခန်းသစ်ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းအွန်ခမ်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ပြည်နယ်ဦးစီးမှူး ဦးဇော်လွင်ထွန်းနှင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးကျော်မျိုးငွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး မိုဘိုင်းစခန်းအတွင်းရှိ ဆက်သွယ်ရေးစက်ကိရိယာများနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ✻





ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်လည်ပတ်ကြသည့် ထိုင်းနိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားများကို တွေ့ရစဉ်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနိုင်ငံမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိ

ညောင်ဦး ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ထိုင်းနိုင်ငံသား ကမ္ဘာလှည့်ခရီးသွားများ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှတစ်ဆင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ ထိုမှ ပုဂံ–ညောင်ဦးလေဆိပ်သို့ ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၄ သို့ ❂

## မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ)မှ အမျိုးသားကန်တော်ကြီး ဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တောဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ မန္တလေးမြို့ တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ အမျိုးသားကန်တော်ကြီးဥယျာဉ်(ပြင်ဦးလွင်)သို့ Mountain Bike (MTB) လူသစ်တန်းစက်ဘီးစီးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရတနာပုံ)မှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ◆

## ယနေ့ ဖတ်စရာ


ဉာဏ်ရည်တုနည်းပညာဂေဟာစနစ် — ဆောင်းပါး စာမျက်နှာ » ၆

တစ်ပတ်အတွင်း သတင်းအနှစ်ချုပ် — စာမျက်နှာ » ၉

လယ်သမားတို့၏ ချွေးစက်နှင့် ရင့်မှည့်လာသော အသက်သွေးကြော — ဆောင်းပါး စာမျက်နှာ » ၁၁

ကြေးမုံ

# ဒီမိုကရေစီစနစ်အကောင်အထည်ဖော် နိုင်ငံနှင့်လူမျိုးအဆင့်အတန်းမြှင့်တင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပြည်သူများလိုလားသော လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ပြည်သူများ၏ လွတ်လပ်သောဆန္ဒမဲများနှင့်အညီ ပေါ်ထွက်လာသော ပြည်သူ့ကိုယ်စားလှယ်များအားလုံးပါဝင်သည့် လွှတ်တော်အသီးသီးနှင့် နိုင်ငံတော်သမ္မတဦးဆောင်သော အစိုးရအဖွဲ့သည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားများကို ဒီမိုကရေစီနည်းလမ်းတကျ အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် တည့်မတ်မှန်ကန်ဖြောင့်တန်းအောင် လျှောက်လှမ်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဒီမိုကရေစီနိုင်ငံတွင် ဥပဒေပြုရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် အုပ်ချုပ်ရေးမဏ္ဍိုင်ကြီးသုံးရပ် တည့်မတ်ခိုင်မာစွာ ရပ်တည်လည်ပတ်ဆောင်ရွက်ရာတွင် စတုတ္ထမဏ္ဍိုင်ဟုခေါ်ဆိုသည့် သတင်းမီဒီယာကဏ္ဍက မှန်ကန်တိကျသည့် သတင်းအချက်အလက် အသိအမြင်များကို ဖြန့်ဝေပေးရမည်ဖြစ်သလို ပဉ္စမမဏ္ဍိုင်ဟုခေါ်ဆိုသည့် ပြည်သူလူထုတစ်ရပ်လုံးကလည်း ဥပဒေ၊ စည်းကမ်းများကို လေးစားလိုက်နာကာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာအောင် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်တွင် လွတ်လပ်၍တရားမျှတမှုရှိသော လူ့ဘောင်အဖွဲ့အစည်း၊ နိုင်ငံသားတိုင်း အခွင့်အရေးတန်းတူညီတူရရှိခြင်း၊ နိုင်ငံရေးမူဝါဒလမ်းစဉ်တို့၌ မတူကွဲပြားမှုရှိနိုင်သော်လည်း အညီအညွတ်ညှိနှိုင်းဆွေးနွေးမှုဖြင့်ဖြေရှင်းခြင်း၊ ထိုသို့ဖြေရှင်းရာတွင် အများစု၏သဘောထားကို အနည်းစုက လက်ခံရမည်ဖြစ်သလို အများစုကလည်း အနည်းစု၏သဘောထားကို အပြန်အလှန်အလေးထားခြင်း၊ နိုင်ငံသားတစ်ဦးချင်းစီ၏ လွတ်လပ်မှု၊ တန်းတူရည်တူရှိမှုစသည်တို့သည် မူလအခွင့်အရေးဖြစ်သော်လည်း တစ်ဦးချင်းစီ၏ အကျိုးစီးပွားထက် နိုင်ငံ၊ လူမျိုးနှင့်လူ့အဖွဲ့အစည်း၏ အကျိုးစီးပွားကို ဦးစားပေးခြင်းဟူသည့် မြန်မာနိုင်ငံနှင့်ဆီလျော်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ဝိုင်းဝန်းအကောင်အထည်ဖော်ကြရမည်ဖြစ်သည်။

ယခုအခါ နိုင်ငံတော်နှင့်ပြည်သူ့အကျိုးစီးပွားကို တည်ဆောက်အကောင်အထည်ဖော် ကာကွယ်စောင့်ရှောက်ပေးသည့် နိုင်ငံတော်အစိုးရနှင့် လွှတ်တော်အသီးသီးတို့၏ ဆောင်ရွက်ချက်များကို ထင်ထင်ရှားရှားမြင်တွေ့လာရသဖြင့် ဒီမိုကရေစီစနစ်၏ အနှစ်သာရများ ပီပြင်လာသည်။ လွှတ်တော်အသီးသီးတွင် နိုင်ငံတော်နှင့် ပြည်သူများ၏ လိုအပ်ချက်များကို ထင်ဟပ်ပေါ်လွင်အောင် တင်ပြဆွေးနွေးညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်သူများအနေဖြင့်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် နိုင်ငံသားတစ်ဦးချင်းစီ၏ လွတ်လပ်မှုနှင့်အခွင့်အရေးကို ဒီမိုကရေစီနည်းလမ်းတကျ စည်းကမ်းပြည့်ဝစွာဖြင့် လိုက်ပါဆောင်ရွက်ကြရန် လိုအပ်သည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများအတွက် အဓိကလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်မီးရရှိရေး၊ သွားလာမှုလွယ်ကူချောမွေ့စေရေး၊ ဆက်သွယ်မှုကောင်းမွန်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိရာတွင် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် စနစ်တကျကောင်းမွန်အောင်ဆောင်ရွက်ပေးရေးတို့ကို ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ပေးလျက်ရှိသည့်နည်းတူ ပြည်သူများအနေဖြင့်လည်း သက်ဆိုင်ရာကဏ္ဍအသီးသီးမှ သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်ပါဆောင်ရွက်နိုင်အောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

ဥပမာအားဖြင့် ပြည်သူများ လျှပ်စစ်မီးအပြည့်အဝရရှိရေးကို သက်ဆိုင်ရာအဖွဲ့အစည်းများက နေ့စဉ်နှင့်အမျှ ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး ပွင့်လင်းမြင်သာစွာ အသိပေးနေချိန်တွင် ပြည်သူအချို့က လျှပ်စစ်မီးကို မမှန်မကန်မသမာသောနည်းလမ်းဖြင့် အသုံးပြုခဲ့ခြင်းကြောင့် နိုင်ငံတော်အတွက် ထိခိုက်နစ်နာသလိုဖော်ထုတ်ရမိသူအချို့ကိုလည်း ဥပဒေနှင့်အညီ အရေးယူလျက်ရှိသည်ကိုတွေ့နိုင်သည်။ အလားတူ အများပြည်သူ အဆင်ပြေလွယ်ကူချောမွေ့ပြီး အဆင့်မြင့်စွာသွားလာနိုင်ရေးအတွက် DEMU လူစီးအမြန်ရထားများ ပြေးဆွဲပေးလျက်ရှိရာတွင် စည်းကမ်းထိန်းသိမ်းသောဝန်ထမ်းများနှင့် စည်းကမ်းလိုက်နာသော ပြည်သူများ၏ ဆောင်ရွက်ပေးမှုဖြင့် အဆင့်မြင့်ရထားပေါ်၌ အခြားသူများအား စိတ်ငြိုငြင်စေရန် ပြုမူပြောဆိုနေထိုင်ခြင်း၊ အရက်သေစာသောက်စားမူးယစ်ခြင်း၊ စည်းကမ်းမဲ့နေထိုင်ပြုမူဆောင်ရွက်သူများအား အရေးယူခဲ့သည်ကို တွေ့နိုင်သည်။

သို့ဖြစ်ရာ စည်းကမ်းပြည့်ဝပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ရာတွင် အုပ်ချုပ်ရေးကဏ္ဍမှ ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်စွာ အလေးထားဆောင်ရွက်ပေးလျက်ရှိနေချိန်တွင် ပြည်သူများကလည်း ဒီမိုကရေစီနိုင်ငံကြီးသားပီသစွာဖြင့် သက်ဆိုင်ရာကဏ္ဍအသီးသီးမှ သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လေးစားလိုက်နာ ပါဝင်ဆောင်ရွက်ကြခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုး အဆင့်အတန်းကို မြှင့်တင်ကြရမည်ဖြစ်ပါကြောင်း။ ။

## ရန်ကုန်မြို့၌ ဂျပန်ယဉ်ကျေးမှုနှင့်ပညာရေးပြပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၆

The Japan Foundation Yangon (JFYG)သည် License Academy Co., Ltd.၊ မြန်မာနိုင်ငံ ဂျပန်ပြန်ကျောင်းသားဟောင်းများအသင်း (MAJA)တို့နှင့် ပူးပေါင်းပြီး Japan Culture & Education Fair 2026 ကို သြဂုတ် ၁ ရက် (စနေနေ့)နှင့် သြဂုတ် ၂ ရက် (တနင်္ဂနွေနေ့)တို့တွင် ရန်ကုန်မြို့ Melia Yangon (Inya Ballroom, Function Room 1)၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၃ နာရီခွဲအထိ ကျင်းပသွားမည်ဖြစ်သည်။

ဂျပန်နွေရာသီပွဲတော်ယဉ်ကျေးမှုကို ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခံစားနိုင်ပြီး ဂျပန်နိုင်ငံမှ လာရောက်ပြသကြမည့် တက္ကသိုလ်များ၊ အသက်မွေးဝမ်းကျောင်းကောလိပ်များ၊ ဂျပန်ဘာသာစကားကျောင်းများနှင့် ပညာသင်ဆု၊ ပညာရေးဆိုင်ရာ အကြံဉာဏ်များနှင့် ဂျပန်ပညာတော်သင်ဆွေးနွေးပွဲ နှစ်ခုစလုံးကို တစ်နေရာတည်းတွင် ရယူနိုင်မည်ဖြစ်သည်။

Cosplayer များရဲ့ စင်မြင့်ဖျော်ဖြေတင်ဆက်မှုများ၊ ကန်ဒို (Kendo)နှင့် ကရာတေး(Karate) ပြသပွဲများ၊ ဂျပန်ယဉ်ကျေးမှုကို လေ့လာနိုင်မည့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ၊ ဂိမ်းကစားနည်းအစီအစဉ်များ၊ ယုကတ(Yukata) ဝတ်ဆင်မှုအတွေ့အကြုံများနှင့် ဂျပန်ပညာတော်သင် အကြံပေးကောင်တာများ ပါဝင်မည်ဖြစ်သည်။ ပျော်ရွှင်စရာကောင်းပြီး ဂျပန်ယဉ်ကျေးမှုကို ထိတွေ့လေ့လာနိုင်မည့် အစီအစဉ်များစွာလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

## စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲပြုလုပ်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှ စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)ရှိ လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က မိုးရာသီတွင် စာကြည့်တိုက်များ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိရေး၊ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်ကြရန် ပြောကြား၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက မြို့နယ်များအတွင်းရှိ စာကြည့်တိုက်များ ရေရှည်ရှင်သန်စွာ ဖွင့်လှစ်နိုင်ရေးနှင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာပေပွဲတော်များ ဆောင်ရွက်ထားရှိမှုများကို ဆွေးနွေးတင်ပြသည်။

စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များက စာကြည့်တိုက်များ ပြုပြင်ရေး၊ ပရိဘောဂနှင့် စာအုပ်အသစ်များရရှိရေး၊ ကလေးစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရေးနှင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး၊ မြေဂရန်များ ချပေးရေးကိစ္စများကို တင်ပြဆွေးနွေးကြကာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး

## ပြည်ခရိုင်တရားရုံး၏ မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ပြည် ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူး၍ ပြည်ခရိုင်တရားရုံးက ကျင်းပသည့် မူပိုင်ခွင့်ဆိုင်ရာဥပဒေများ ရှင်းလင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ပြည်မြို့ ကမ်းနားလမ်းရှိ ဂင်္ဂါဝတီခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်လွင်လွင်အေးကျော်က အမှာစကားပြောကြားပြီး ပြည်ခရိုင်တရားသူကြီး ဦးမင်းသန့်က “မူပိုင်ခွင့်ဆိုင်ရာ တရားမမှုနှင့် ရာဇဝတ်မှုများ စွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်း” ခေါင်းစဉ်ဖြင့် မူပိုင်ခွင့်ဥပဒေ (၄)ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေများအရ တရားမမှုနှင့် ရာဇဝတ်မှုများ စွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်း၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေနှင့် တီထွင်မှုမူပိုင်ခွင့်ဥပဒေအရ တရားမမှုများစွဲဆိုခြင်းနှင့် စစ်ဆေးစီရင်ခြင်းအကြောင်းကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာသည့် ရှေ့နေများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ ဝဏ္ဏထွန်း(ပြန်/ဆက်)

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၆

ဇူလိုင် ၂၅ ရက် ည ၁၁ နာရီ ၁၆ မိနစ် ၀၄ စက္ကန့်တွင် တောင်ငူမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၁ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း သံတောင်ကြီးမြို့၏ အရှေ့မြောက်ဘက် ၃ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၁၉ ဒသမ ၁၀ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၇၁ ဒီဂရီ၊ အနက် ၅ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၃ ဒသမ ၈(M)အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် ဇူလိုင် ၂၆

ယနေ့ နံနက် ၅ နာရီ ၃၉ မိနစ် ၂၂ စက္ကန့်တွင် မြစ်ကြီးနားမြေငလျင်စခန်းမှ အနောက်မြောက်ဘက် ၁၃၇ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း လဟယ်မြို့၏ မြောက်-အရှေ့မြောက်ဘက် ၉ မိုင်ခန့်အကွာ မြောက်လတ္တီတွဒ် ၂၆ ဒသမ ၄၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၅၂ ဒီဂရီ၊ အနက် ၇၉ ကီလိုမီတာကိုဗဟိုပြု၍ ပမာဏ ၄ ဒသမ ၅(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

မိုး/ဇလ

## ၂၆ - ၇ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင်လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

*(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)*

# ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် မြန်မာနိုင်ငံသားအလုပ်သမားများအနေဖြင့် မိသားစုများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး မိသားစုလွှဲပို့ငွေများကို ပုံမှန်လွှဲပို့ရန်၊ ရောက်ရှိရာနိုင်ငံ၏တည်ဆဲဥပဒေများကို လေးစားလိုက်နာရန် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မှာကြား

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (မြောက်ဒဂုံ)၌ လုပ်ငန်းခွင်အခြေပြု အခြေခံမော်တာစက်ချုပ်သင်တန်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံတို့သို့ အလုပ်သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်းများကိုလည်းကောင်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။



အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းဖွင့်လှစ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး ပြည်သူက ရွေးကောက်တင်မြှောက်ထားသော အစိုးရသစ်လက်ထက်တွင် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ကျွမ်းကျင်သင်တန်းများ စဉ်ဆက်မပြတ်ဖွင့်လှစ်သွားရန်၊ လုပ်ငန်းခွင်နှင့်အပ်စပ်သော သင်တန်းများဖြစ်စေရန်၊ သင်တန်းပြီးဆုံးပြီးနောက် အလုပ်အကိုင်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့ပြင် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် မြန်မာနိုင်ငံသား အလုပ်သမားများအနေဖြင့် နိုင်ငံအပေါ်သစ္စာရှိရန်၊ မိသားစုများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး မိသားစုလွှဲပို့ငွေများကို ပုံမှန်လွှဲပို့ရန်၊ ရောက်ရှိရာနိုင်ငံ၏တည်ဆဲဥပဒေများကို လေးစားလိုက်နာရန်၊ ပြည်ပသို့သွားရောက်လုပ်ကိုင်ရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာကို အစဉ်စောင့်ထိန်းကာ မိမိဘဝတိုးတက်စေရေး ဆောင်ရွက်သွားရန် လိုအပ်ကြောင်းလည်း မှာကြားသည်။

ထို့နောက် ပြည်ပသို့သွားရောက်လုပ်ကိုင်မည့် အလုပ်သမားများအတွက် ဆောင်ရွက်ပေးနေသော ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ်ပြား (OWIC) ပြုလုပ်ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းစဉ်များ ကြန့်ကြာမှုမရှိစေရေး တွန်းအားပေးဆောင်ရွက်ရန်၊ ခွင့်ပြန်အလုပ်သမားများ ခွင့်ပြန်ပြီးနောက် လုပ်ငန်းခွင်သို့ အချိန်မီပြန်လည်ဝင်ရောက်နိုင်ရေး အလုပ်အကိုင်အခွင့်အလမ်းများမပျောက်စေရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❖ **ရှေ့ဖုံးမှ**

မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ အမျိုးသမီးစွန့်ဦးတီထွင်ကွန်ရက်မှ တာဝန်ရှိသူတို့က AI စက်မှုလုပ်ငန်းအသင့်ဖြစ်မှု၊ ဒီဂျစ်တယ် လုပ်သားအင်အားမျိုးဆက် တည်ဆောက်ရေးနှင့် ကျွမ်းကျင်မှုဆိုင်ရာ စုစည်းထားသော ICT ကဏ္ဍ၏ အမြင်၊ အင်ဂျင်နီယာ လုပ်သားအင်အားတည်ဆောက်ရေးနှင့် AI ခေတ်တွင် သိပ္ပံနှင့် နည်းပညာစွမ်းဆောင်ရည်မြှင့်တင်ရေး၊ AI အထောက်အကူပြုမူဝါဒနှင့် ဒီဂျစ်တယ်ဆန်းသစ်တီထွင်မှု ဖွံ့ဖြိုးရေးတွင် အစိုးရ၏အခန်းကဏ္ဍ၊ မြန်မာပုဂ္ဂလိကကဏ္ဍတွင် AI အသုံးပြုမှု၊ ဒီဂျစ်တယ်အပြောင်းအလဲဆိုင်ရာ စိန်ခေါ်မှုများနှင့် ဒီဂျစ်တယ်စီးပွားရေးတွင် စီးပွားရေးအသိုက်အဝန်း၏အခန်းကဏ္ဍ၊ လူငယ်များဦးဆောင်သော ဒီဂျစ်တယ်ဆန်းသစ်မှု၊ Startup ဂေဟစနစ်ဖွံ့ဖြိုးတက်မှုဖြင့် မြန်မာ့AI အပြောင်းအလဲတွင် နောက်မျိုးဆက်များ၏ အခန်းကဏ္ဍ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး၊ လူငယ်နှင့် အမျိုးသမီးစီးပွားရေးလုပ်ငန်းရှင်များ၏ ဒီဂျစ်တယ်နည်းပညာကဏ္ဍတွင် ပါဝင်ဆောင်ရွက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို ဒီဂျစ်တယ်အသွင်ကူးပြောင်းရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ စသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌွေးက အစိုးရ၊ တက္ကသိုလ်၊ စက်မှုလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေကြမည်ဖြစ်ပြီး AI ခေတ်နှင့် ကိုက်ညီသော အင်ဂျင်နီယာများကိုခေတ်မီပညာရေး၊ အသက်မွေးဝမ်းကျောင်းလေ့ကျင့်ရေးနှင့် တစ်သက်တာသင်ယူမှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း၊ လူငယ်အင်ဂျင်နီယာများနှင့် စွန့်ဦးတီထွင်သူများကို အားပေးကာ Innovation နှင့် Entrepreneur-ship ကို မြှင့်တင်၍ Artificial Intelligence ကို ကျင့်ဝတ်၊ လုံခြုံမှုနှင့် လူမှုအကျိုးပြု ရည်ရွယ်ချက်ကိုအသုံးချပြီး WFEO၊ FEIAP နှင့် နိုင်ငံတကာ မိတ်ဖက်များနှင့်အတူ မြန်မာနိုင်ငံ၏ Digital Economy Roadmap 2030 ကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့ပြင် FEIAP ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ အောင်ကျော်မြတ်၊ အင်ဂျင်နီယာပညာရေးကော်မတီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ဇော်မင်းအောင်နှင့် တာဝန်ရှိသူများက အာရှ-ပစိဖိတ် အင်ဂျင်နီယာကဏ္ဍအခြေအနေ၊ ဒေသတွင်း AI စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် FEIAP ၏ မျှော်မှန်းချက်၊ ရပ်ဝန်းနှင့် လမ်းကြောင်းတစ်လျှောက် AI ဖွံ့ဖြိုးတိုးတက်မှု၊ ဒေသတွင်း ဒီဂျစ်တယ်ချိတ်ဆက်မှုနှင့် မြန်မာနိုင်ငံအတွက် ပူးပေါင်းဆောင်ရွက်ခွင့်ဆိုင်ရာများကို ဆွေးနွေးပြောကြားကြသည်။

ဆွေးနွေးပွဲတွင် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းမှ ပေးပို့သည့် ဗီဒီယိုမိန့်ခွန်းကလစ်ကို ဖွင့်လှစ်ပြသခြင်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ နေခြည်လွဲလွဲသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့အစည်းများ အဖွဲ့ချုပ်မှပေးပို့လာသည့် ကမ္ဘာ့အင်ဂျင်နီယာဆိုင်ရာ ဦးဆောင်မှု၊ နိုင်ငံတကာ AI အုပ်ချုပ်မှုနှင့် ဒီဂျစ်တယ်အနာဂတ်ကို ပုံဖော်ရာတွင် အင်ဂျင်နီယာအသိုက်အဝန်း၏ အခန်းကဏ္ဍကို ဖွင့်လှစ်ပြသခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

✳ **မုန်တိုင်းငယ်မှ**

**မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်**

စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်**

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၈ ပေမှ ၁၀ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

❂ **ပုဂံရှေးဟောင်းယဉ်ကျေးမှုမှ**

Travel Co.,Ltd စီစဉ်ဆောင်ရွက်မှုဖြင့် ထိုင်းနိုင်ငံသားခရီးသွားဧည့်သည် ၄၀ တို့သည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းရှိ သမိုင်းဝင်အထင်ကရဘုရားများနှင့် ရှေးဟောင်းစေတီ၊ ပုထိုး၊ ဂူဘုရား၊ သာသနိကအဆောက်အအုံများအား ကြည့်ရှုလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံသားခရီးသွားများအား ပုဂံ-ညောင်ဦး လေဆိပ်တွင် ညောင်ဦးခရိုင် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမင်းအောင်နှင့် ဝန်ထမ်းများက ကြိုဆိုခဲ့ကြောင်း၊ အဆိုပါ ထိုင်းနိုင်ငံသားခရီးသွားများသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဇူလိုင် ၂၆ ရက်မှ ၃၁ ရက်အထိ ဘုရားများအား ဖူးမြော်လေ့လာကြမည်ဖြစ်သည်။

ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ပုဂံရုံးခွဲအနေဖြင့် ကမ္ဘာလှည့်ခရီးသွားများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် Information Center သုံးခုကို ပုဂံ-ညောင်ဦးလေဆိပ်၊ ICT ခန်းမနှင့် ပုဂံမြို့သစ်တို့တွင် ဖွင့်လှစ်ထားကြောင်း သိရသည်။ **ဒီပါလင်း**

✳ **တာချီလိတ်မှ**

ထို့နောက် ရှမ်းပြည်နယ် လွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ပြည်နယ်ဦးစီးမှူးက မိုဘိုင်းစခန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်၊ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်များနှင့် ဒေသခံပြည်သူများရရှိမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ မိုဘိုင်းစခန်းသစ်သည် ဆက်သွယ်ရေးလိုင်းအားနည်းနေသည့် နယ်စပ်နှင့် ကျေးလက်ဒေသများတွင် မိုဘိုင်းဖုန်းနှင့် အင်တာနက်ဝန်ဆောင်မှုများ ပိုမိုတည်ငြိမ်ကောင်းမွန်စေရန်၊ ဒီဂျစ်တယ်ဆက်သွယ်ရေးကွန်ရက်လွှမ်းခြုံမှု တိုးမြှင့်ရန်၊ ဒေသခံပြည်သူများ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် အရေးပေါ်ဆက်သွယ်ရေးကဏ္ဍများတွင် လျင်မြန်ထိရောက်သောဝန်ဆောင်မှုများ ရရှိစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## လက်ပံတန်းမြို့၌ မီးရထားဥပဒေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

လက်ပံတန်း ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် အောင်ရိပ်သာကျောင်းဓမ္မာရုံ၌ ယမန်နေ့က မီးရထားဥပဒေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနေမင်းအောင်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းကျော်ကျော်လွင်နှင့် အထူးတန်းရုံပိုင်ကြီး ဦးအေးမင်းဦးတို့က ရထားလမ်းဝန်းကျင်နေထိုင်သူ မြန်မာ့မီးရထားခရီးသွားပြည်သူများအနေဖြင့် တားမြစ်ထားသည့် လမ်းကူးများမှ စည်းကမ်းမဲ့လမ်းဖြတ်ကူးခြင်း၊ မီးရထားသံလမ်းပေါ်သို့ ကျောက်ခဲတစ်စုံတစ်ရာတင်ခြင်း၊ မီးရထားပေါ်သို့ ရွံ့စေးကျောက်ခဲတို့ဖြင့် ပစ်ပေါက်ခြင်းများ မပြုလုပ်ရန်နှင့် မီးရထားလမ်းပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရမည်းသင်းမြို့နယ်၌ ခရိုင်အဆင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်

ရမည်းသင်း ဇူလိုင် ၂၆

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအဖွဲ့၏ကြီးကြပ်ကွပ်ကဲမှုဖြင့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတရရှိစေရန်နှင့် ငလျင်ဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်စေရန် ရည်ရွယ်၍ ခရိုင်အဆင့် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ သဏ္ဌာန်တူ ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဇူလိုင် ၂၅ ရက်တွင် ဟိန်းကိုယ်ပိုင်အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးက ငလျင်စတင်လှုပ်ခတ်ကြောင်းအချက်ပြအသံဖြင့် ပြုလုပ်ပြီး မျက်နှာကြက်မှ အုတ်ခဲများပြုတ်ကြလာကာ ဝပ်၊ ကာ၊ ကိုင် နည်းလမ်းဖြင့် ကျောင်းသားကျောင်းသူများ သရုပ်ပြခဲ့၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက အဝါရောင်အဆင့်၊ အနီရောင်အဆင့်၊ အစိမ်းရောင်အဆင့်ဖြင့် ရှာဖွေကယ်ဆယ်မှုများကို သရုပ်ပြလေ့ကျင့်ခဲ့ရာ မီးသတ်ယာဉ်များဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

ထို့နောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်ရွှေသိန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်မြင့်နှင့် တာဝန်ရှိသူများက ရှာဖွေကယ်ဆယ်မှုများ သရုပ်ပြလေ့ကျင့်ပြုလုပ်သူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အေးခိုင်(ပြန်/ဆက်)

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲ တက်ရောက်

ကျွန်းစု ဇူလိုင် ၂၆

အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် မိုးရာသီ ဒီရေတောသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျွန်းစုမြို့ အမှတ်(၄) ရပ်ကွက်၌ ကျင်းပသည်။



သစ်ပင်စိုက်ပျိုးပွဲတွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တိုင်းမှူး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ပြည်ဖြိုးထွန်း ကုမ္ပဏီဝန်ထမ်းများက ဖြူးအုပ်ဆောင်း၊ ဖြူးခြေထောက်၊ လမု၊ ကနစို၊ ကျနု၊ ပင်လယ်အုန်း စသည့် အပင်ပေါင်း ၁၂၂၀ ပင်ကို စုပေါင်းစိုက်ပျိုးပေးသည်။

ယမန်နေ့ကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်သည် Royal Myeik Hotel ၌ ကျင်းပသည့် မြိတ်မြို့ ဒေသဆိုင်ရာ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက မြိတ်မြို့ ခရီးစဉ်ဒေသတွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်နေမှု၊ လုပ်ငန်းဆောင်ရွက်ရာတွင် လိုအပ်ချက်များနှင့် အခက်အခဲများကို အကြံပြုဆွေးနွေးတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ဟိုတယ်လုပ်ငန်းရှင်များနှင့် ခရီးသွားလုပ်ငန်းရှင်များက တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး ဖွံ့ဖြိုးရေးရန်ပုံငွေကျပ် သိန်း ၂၀၀ ကို တိုင်းဒေသကြီးဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခိုင်ထူး(ပြန်/ဆက်)

## ရွှေကျင်မြို့နယ်၌ အသား၊ ငါးနှင့် ကြက်ဥဆိုင်များအား တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေး

ရွှေကျင် ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့နှင့် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့က ရွှေကျင်မြို့မဈေးအတွင်းရှိအသား၊ ငါးနှင့် ကြက်ဥဆိုင်များအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်း ရှိ၊ မရှိ ယမန်နေ့နံနက်ပိုင်းတွင် လိုက်လံစစ်ဆေးသည်။



**စစ်ဆေး**

ထိုသို့ လိုက်လံစစ်ဆေးရာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးဇော်သန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိဦးမောင်မောင်လတ်နှင့် ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက အသားဆိုင်များတွင် အမဲသား၊ ဝက်သား၊ ဆိတ်သား၊ ကြက်သား၊ ကြက်ဥတို့ကို သတ်မှတ်ဈေးနှုန်း အတိုင်း ရောင်းချခြင်း ရှိ၊ မရှိစစ်ဆေးခြင်း၊ အသားဈေးနှုန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများက လက်ကိုင်စပီကာဖြင့် ကြေညာ၍ ရောင်းချပေးခြင်း တို့ကိုနေ့စဉ် စောင့်ကြည့်ကြပ်မတ်၍ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထွန်းထွန်းဇော်(ပြန်/ဆက်)

## မြစိမ်းရောင်ရန်ပုံငွေများ သတ္တမအကြိမ် ထုတ်ချေးပေး

အုတ်တွင်း ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ သတ္တမအကြိမ် ထုတ်ချေးပေးခြင်းကို ဇူလိုင် ၂၁ ရက်တွင် ခေါင်းရမ်းကျေးရွာဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ပြုလုပ်သည်။

အဆိုပါ မြစိမ်းရောင်စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေပေးအပ်ခြင်းနှင့်ပတ်သက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာမြင့်က ရှင်းလင်းပြောကြားပြီး ခေါင်းရမ်းကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းဆောင်ရွက်လျက်ရှိသော စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးအား မြစိမ်းရောင်ရန်ပုံငွေကျပ် ၃၃၂ သိန်းကို တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)





လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကယားပြည်နယ် ဖရူဆိုမြို့နယ်ဦးစီးမှူး ဦးအောင်လွင်နှင့် ဝန်ထမ်းများက ဖရူဆိုမြို့ နယ်မြေခံတပ်တွင် ဖွင့်လှစ်ထားသော အခြေခံပညာကျောင်းများရှိ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ဇူလိုင် ၂၄ ရက် နံနက်ပိုင်းတွင် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို ဖရူဆိုတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးထွန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။

ကျော်ဆန်း

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

## ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)ကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၂၆

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) ပတ်လမ်းများ



သန့်ရှင်းသာယာရေး၊ လှိုင်နယ်မြေအတွင်းရှိ ကျောင်းသား ကျောင်းသူအိပ်ဆောင်၊ ဆရာ ဆရာမဆောင်၊ အရာထမ်း အမှုထမ်းအိမ်ရာပေါင်း ၃၁ ဆောင်တွင် ရေမီးပြည့်စုံရေး၊ လုံခြုံရေး၊ သာယာရေးနှင့် ကစားကွင်းများ ဖြည့်ဆည်းရေး၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ) စာသင်ဆောင်များ ဥပဓိရုပ်ကောင်းမွန်ရေးတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၅)နှစ်မြောက်ငွေရတုအခမ်းအနားကျင်းပရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုပြီး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သဃ်န်းကျွန်းခရိုင်၌ ဆရာအတတ်ပညာတတ်ကျွမ်းမှု စံသတ်မှတ်ချက် အညွှန်းဘောင် (TCSF) level 2 ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန် တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း (သုဝဏ္ဏ) သီရိသုဝဏ္ဏပညာခန်းမ၌ ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အခြေခံပညာ အလယ်တန်းဆင့်သင် (အတွေ့အကြုံရှိ) ဆရာ/ဆရာမများအတွက် ဆရာအတတ်ပညာတတ်ကျွမ်းမှု စံသတ်မှတ်ချက်



အညွှန်းဘောင် (TCSF) level 2 ဆိုင်ရာ အရည်အသွေးမြှင့် ခရိုင်အဆင့်(ဆင့်ပွား) ဆွေးနွေးပွဲ အခမ်းအနားဖွင့်ပွဲကို ယမန်နေ့နံနက် ဧနာရီခွဲက ကျင်းပသည်။

ဦးစွာ သဃ်န်းကျွန်းခရိုင် ပညာရေးမှူး ဒေါ်စုစုခင်က အမှာစကားပြောကြားပြီး အခမ်းအနားဖွင့်လှစ်သည်။ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူးများ၊ သင်တန်းကြီးကြပ်နှင့်နည်းပြ ဆရာ/ဆရာမ ခုနစ်ဦး၊ သဃ်န်းကျွန်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်တို့မှ ဆရာ/ဆရာမ ၂၀၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇူလိုင် ၂၅ ရက်မှ ၂၇ ရက်ထိ သင်ကြားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## လသာမြို့နယ်၌ ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်း ဆောင်ရွက်

လသာ ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် အခြေခံပညာရေးဦးစီးဌာနတို့ပူးပေါင်း၍ KG ကျောင်းသားကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ အာဟာကျွေးမွေးရာသို့ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသုဝေနှင့် ဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူး ဦးကျော်ဇံရွှေ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အခြေခံကျန်းမာရေးဝန်ထမ်းများက လာရောက်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။



ထို့နောက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသုဝေက အစာစားပြီး စနစ်မှန်သွားတိုက်ခြင်းနှင့် ကျောင်းကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**နေလင်း(ပြန်/ဆက်)**

◆ **မန္တလေးမြို့မှ**

သဘာဝအလှအပကို ခံစားရင်း စိန်ခေါ်မှုအသစ်များကို ရင်ဆိုင်ကျော်ဖြတ်လိုသူများအတွက် Mountain Bike (MTB) လူသစ်တန်း စက်ဘီးစီးပြိုင်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၅ နာရီခွဲတွင် Start Point တိရစ္ဆာန်ဥယျာဉ် (ရတနာပုံ) Main Gate မှ Finish Point အမျိုးသားကန်တော်ကြီး ဥယျာဉ် (ပြင်ဦးလွင်)အထိ စီစဉ်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အသက် ၁၈ နှစ်နှင့်အထက် အမျိုးသား/အမျိုးသမီးများ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်များအနေဖြင့် သဘာဝလမ်းကြောင်းများကို ဖြတ်သန်းစီးနင်းရင်း မိမိတို့၏ ကြံ့ခိုင်မှု၊ ဇွဲလုံ့လနှင့် စက်ဘီးစီးကျွမ်းကျင်မှုများကို ပြသနိုင်မည့် အခွင့်အရေးကောင်း တစ်ခုဖြစ်သည့်အတွက် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ထားပြီး ပြိုင်ပွဲဝင်များအားလုံး Helmet မဖြစ်မနေ ဝတ်ဆင်ရမည်ဖြစ်ကာ ပြိုင်ပွဲစည်းမျဉ်း စည်းကမ်းများကို လိုက်နာပေးရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ထို့နောက် အသေးစိတ် Registration အချက်အလက်များ၊ ပြိုင်ပွဲလမ်းကြောင်းနှင့် ဆုချီးမြှင့်မှု အစီအစဉ်များကို ဆက်လက် ဖော်ပြပေးသွားမည်ဖြစ်ပြီး ပြိုင်ပွဲအတွင်း ပြိုင်ပွဲဝင်




များအား အဆင့်လိုက်အထူးဆုများကိုလည်း ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**MT**

## လှမ်းလာခဲ့ပါ ဝဇီရာ

❖ ငယ်နုစဉ်ခါ၊ ဝဇီရာ၌
ကြည်သာရွှင်မြူး၊ နားခိုဖူးသည်
ချစ်ဦးသူနှင့်သာတကား။

❖ ကုံကော်ဝတ်မှုန်၊ ရုပ်ရှင်ရုံ၏
ထိုင်ခုံအနား၊ ကြိုအကြားဝယ်
ကျန်များကျန်လား၊ ယောင်ဝါးဝါးဖြင့်
နောက်ပါးကြည့်ရှု၊ စိတ်မလုံခဲ့
ပုံပြင်ဆန်ဆန်၊ ဖြစ်ရပ်မှန်ကို
လည်ပြန်တရှူ၊ လွမ်းသွေးဆူသည်
ငယ်သူတို့၏အတိတ်ပန်းချီ။
ဝဇီရာကသိပါသည်။

❖ ဆယ်စုအလီလီ၊ ကြာခဲ့ပြီလေ
ဝဇီရာအနား၊ ဖြတ်၍သွားတိုင်း
ဝိုးဝါးမပီ၊ အတိတ်ပန်းချီကို
ပြန်လည်တမ်းတ၊ သတိရခဲ့
ကာလနှစ်ညောင်း၊ ခေတ်တွေပြောင်း၍
ဟောင်းခဲ့လေသလားဝဇီရာ။
အောက်မေ့တမ်းတလွမ်းလျက်ပါ။

❖ ထိုသို့ရှိစဉ်၊ ယနေ့တွင်မူ
သစ်လွင်တောက်ပ၊ ငယ်စဉ်ကထက်
အလှပိုကာ၊ ခံ့ညားလာပြီ
ရတနာအစစ်၊ မန္တလေးမှ
ချစ်ကြသူများ၊ စွမ်းပကားကြောင့်
ကြီးမားအစဉ်အလာ၊ ဝဇီရာကို
ခုခါမြင်ရ၊ ကြည်နူးစွတည့်
ရှေးကထက်ပင်အလှဆင်။
ဝဇီရာ၏ပုံရိပ်သွင်။

❖ ဩော်..ဂီတသဘင်၊ ဇာတ်ရုပ်ရှင်နှင့်
စုံလင်လှစွာ၊ အနုပညာကို
ကောင်းစွာခံစား၊ ပြည်သူများအတွက်
အနားယူလေ၊ အပန်းပြေအောင်
စိတ်နေချမ်းမြ၊ အားသစ်ရအောင်
ကြွလှမ်းခဲ့ပါဝဇီရာ။
လက်ကမ်းကြိုဆိုနေလျက်ပါ။ ။

**မြင်းမူမောင်နိုင်မိုး**

# ဉာဏ်ရည်တုနည်းပညာဂေဟစနစ်

မောင်မျိုးခိုင်(ကွန်ပျူတာတက္ကသိုလ်)

သဘာဝဂေဟစနစ်တွင် သက်ရှိသက်မဲ့များ အပြန်အလှန် အမှီသဟဲပြု ရှင်သန်ကြသကဲ့သို့ပင် ဉာဏ်ရည်တုနည်းပညာ (AI- Artificial Intelligence) သည်လည်း အစိတ်အပိုင်းများပေါင်းစပ်မှုဖြင့် အသက်ဝင်လှုပ်ရှားနေသော ဂေဟစနစ် (AI Ecosystem) တစ်ခုဖြစ်ပါသည်။ ကျွန်ုပ်တို့မြင်တွေ့နေရသည့် ဉာဏ်ရည်တုနည်းပညာ AI စနစ်များ၏ အဆင်ပြေချောမွေ့မှုများ နောက်ကွယ်တွင် တန်ဖိုးရှိ အချက်အလက်များ၊ ခိုင်မာသည့် အခြေခံအဆောက်အအုံ၊ ဆန်းပြားသော တွက်ချက်မှုစနစ်၊ လူသားတို့၏ မောင်းနှင်အားနှင့် တိကျသောထိန်းကျောင်းမှုမူဝါဒ စသည့်အခြေခံအစိတ်အပိုင်းများက ဟန်ချက်ညီညီဖြင့် အဆက်မပြတ် လည်ပတ်ပေးနေရခြင်းဖြစ်သည်။ ထို့ကြောင့် ဤဆောင်းပါးတွင် အဆိုပါ AI ဂေဟစနစ် ရေရှည်ရှင်သန်ဖွံ့ဖြိုးပြီး လူသားထုအတွက် ကောင်းကျိုးပြုနိုင်စေရန် မရှိမဖြစ်လိုအပ်လှသော အဓိကကျသည့် အခြေခံအစိတ်အပိုင်း (၆)ခုကို တင်ပြသွားမည်ဖြစ်ပါသည်။

**(၁) အချက်အလက်များ (Training Data)**

လူသားများတွင် အတွေ့အကြုံနှင့် အသိအမြင် ဗဟုသုတများသူသည် တွေးခေါ်မြော်မြင်နိုင်စွမ်း မြင့်မားပြီး ဆုံးဖြတ်ချက်များ မှန်ကန်သကဲ့သို့ 'AI စနစ်များ' တွင်လည်း တိကျမှန်ကန်၍ အရည်အသွေးမြင့်မားသော အချက်အလက် အမြောက်အမြားမှ ထုတ်နုတ်ရယူထားသည့် 'အသိ' ရှိရန် လိုအပ်ပါသည်။ ဒေတာ (သို့မဟုတ်) အချက်အလက်များသည် AI စနစ်များကို အသက်သွင်းမောင်းနှင်ပေးသည့် ပင်မ 'ကုန်ကြမ်းများ'ပင်ဖြစ်ပါသည်။ AI စနစ်တစ်ခု အသုံးဝင်ပြီး ဘေးကင်းစေရန် အရည်အသွေးပြည့် အချက်အလက်ပမာဏ အမြောက်အမြားလိုအပ်ရုံသာမက ၎င်းတို့၏ အရည်အသွေးမြင့်မားရန်လည်း လိုအပ်လှပါသည်။ ထို့ကြောင့် အချက်အလက်စုဆောင်းခြင်းနှင့် စီမံခန့်ခွဲခြင်းသည် ဤဂေဟစနစ်၏ အခြေခံအကျဆုံးအဆင့်ပင်ဖြစ်ပါသည်။

ကမ္ဘာ့နိုင်ငံများအနေဖြင့် အမျိုးသားအဆင့်စံပြအချက်အလက်စုများ (National Standard Datasets)ကို စနစ်တကျ ပြုစုထားရှိရန်လိုအပ်ပါသည်။ သို့မှသာ မိမိတို့နိုင်ငံ၏ရေမြေ၊ ယဉ်ကျေးမှု၊ စာပေနှင့် လူမှုစရိုက်လက္ခဏာများကို အမှန်တကယ် ကိုယ်စားပြုနိုင်သည့် AI စနစ်များ ထွက်ပေါ်လာနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် သုတေသနလုပ်ငန်းများအတွက် အခမဲ့ရယူနိုင်သော 'အများပြည်သူသုံး အချက်အလက်' (Open Data)စနစ်ကို ဖော်ဆောင်ပေးခြင်းဖြင့်လည်း အချက်အလက်စုများ ပိုမိုထွက်ပေါ်လာစေနိုင်မည်ဖြစ်ပါသည်။

မည်သည့်စနစ်တွင်မဆို ကုန်ကြမ်းကောင်းမှ ကုန်ချောကောင်းရသကဲ့သို့ အရည်အသွေးမြင့်မားသော အချက်အလက်များသည် အခြေခံအကျဆုံး အရင်းအမြစ်များပင် ဖြစ်ပါသည်။

**(၂) တွက်ချက်ပုံတွက်ချက်နည်းများ (Algorithms)**

တွက်ချက်ပုံတွက်ချက်နည်း (သို့မဟုတ်) 'အယ်လ်ဂိုရစ်သမ်' ဆိုသည်မှာ အချက်အလက်များကို မည်သို့မည်ပုံ အသုံးချရမည်ဆိုသည့်ညွှန်ကြားချက်များ (သို့မဟုတ်) AI ၏ 'အလုပ်လုပ်ပုံအဆင့်ဆင့်'ပင် ဖြစ်ပါသည်။ ၎င်းသည် ဒေတာကုန်ကြမ်းများကို အသုံးဝင်သော 'အသိဉာဏ်ကုန်ချော'အဖြစ် ပြောင်းလဲပေးသည့် အဓိကယန္တရားဖြစ်သည်။ အယ်လ်ဂိုရစ်သမ်များသည် ပြဿနာများကိုဖြေရှင်းခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတို့ကို လုပ်ဆောင်ပါသည်။ ထို့ကြောင့် သက်ရှိများ၏ စဉ်းစားဆင်ခြင်မှုနှင့် အလားသဏ္ဌာန်တူပြီး AI ဂေဟစနစ်၏ 'ဦးနှောက်'ပင် ဖြစ်ပါသည်။

အဆင့်မြင့် AI စနစ်များတည်ဆောက်ရန် ဒေတာအရည်အသွေးကောင်းမွန်ရုံသာမက တွက်ချက်မှုစနစ်များပါ အဆင့်မြင့်ပြီး ဒေတာနှင့်လိုက်ဖက်ညီရန် လိုအပ်လှပါသည်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် နိုင်ငံတကာစနစ်များကို တိုက်ရိုက်ယူသုံးရုံမျှမကဘဲ မိမိတို့နိုင်ငံ၏ မိခင်ဘာသာစကားနှင့် ယဉ်ကျေးမှုကို နားလည်သောပြည်တွင်းဖြစ် AI စနစ်များ ထွက်ပေါ်လာစေရန် 'ကိုယ်ပိုင်အချက်အလက်သုံး ကိုယ်ပိုင်တွက်ချက်မှုစနစ်များ' (Sovereign AI) အား အလေးပေးတီထွင်လာကြသည်ကို တွေ့ရှိရပါသည်။

**(၃) အခြေခံအဆောက်အအုံများ (Infrastructures)**

AI ဂေဟစနစ် ရှင်သန်လည်ပတ်နိုင်ရန်အတွက် ရုပ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံကောင်းများ လိုအပ်ပါသည်။ အခြေခံအားဖြင့် တွက်ချက်ရန်၊ သိုလှောင်ရန်နှင့် သယ်ယူပို့ဆောင်ရန်ဟူ၍ အပိုင်းသုံးပိုင်း ခွဲခြားရှုမြင်နိုင်ပါသည်။ တစ်နည်းအားဖြင့် စက်ရုံများ၊ ဂိုဒေါင်များနှင့် သယ်ယူပို့ဆောင်ရေး အမြန်လမ်းမများဟူ၍လည်း တင်စားနိုင်ပါသည်။

ပထမဦးစွာ AI သည် လူသားတစ်ဦးကဲ့သို့ စဉ်းစားတွေးခေါ်နိုင်ရန်အတွက် အချက်အလက်သန်းပေါင်းများစွာကို အသုံးပြုလေ့ကျင့်ရပါသည်။ ဤသို့လေ့ကျင့်ပေးရန်နှင့် အဖြေရှာရန်အတွက် အလွန်မြင့်မားသော တွက်ချက်မှုစွမ်းအားများ လိုအပ်ပြီး ၎င်းတို့ကို ကမ္ဘာတစ်လွှားရှိ 'Data Center' ခေါ် အချက်အလက်ဗဟိုဌာနကြီးများတွင် တည်ဆောက်ထားပါသည်။ အဆင့်မြင့် အထူးပြုချစ်ပ်ပြားများကဲ့သို့သော နည်းပညာမြင့်စက်ယန္တရားများက အချိန်အဟုန်ဖြင့် မရပ်မနားအလုပ်လုပ်ကြရပြီး စက်များ အပူလွန်ကဲမသွားစေရန် အအေးပေးစနစ်နှင့် လျှပ်စစ်စွမ်းအင်အမြောက်အမြားကိုပါ အမြဲမပြတ် ဖြည့်ဆည်းပေးထားရပါသည်။

ဒုတိယအနေဖြင့် ထိုသို့တွက်ချက်ရာတွင် အသုံးပြုရန်အတွက် အချက်အလက်၊ စာသား၊ ရုပ်ပုံနှင့် ဗီဒီယိုကုန်ကြမ်းပမာဏအများအပြားကို မြန်နှုန်းမြင့် ကွန်ပျူတာသိုလှောင်မှုစနစ်များတွင် စနစ်တကျ ထည့်သွင်းသိမ်းဆည်းထားကြရပါသည်။

တတိယအနေဖြင့် ကုန်ကြမ်းအချက်အလက်များကို တွက်ချက်ရေးစင်တာများသို့ ပို့ဆောင်ရန်နှင့် ထွက်လာသော AI ၏ ကုန်ချောအဖြေများကို အသုံးပြုသူများထံ အရောက်ပို့ဆောင်ပေးရန်အတွက် သယ်ယူပို့ဆောင်ရေးလမ်းကြောင်းများ လိုအပ်ပါသည်။ ကမ္ဘာ့တိုက်ကြီးများကို ချိတ်ဆက်ထားသည့် ပင်လယ်ရေအောက်ဆက်သွယ်ရေး ကေဘယ်လ်လိုင်းများနှင့် ကြိုးမဲ့စနစ်ဖြင့် ချိတ်ဆက်ထားသည့် 'အင်တာနက်ဂြိုဟ်တုကွန်ရက်များ' ဟုခေါ်သော ဆက်သွယ်ရေးလမ်းမကြီးများပင်ဖြစ်ပါသည်။

AI နည်းပညာများ မည်မျှပင်တိုးတက်စေကာမူ နောက်ကွယ်တွင် ဤအခြေခံအဆောက်အအုံသုံးခု အချိတ်အဆက်မိမိ ခိုင်မာစွာရှိနေမှသာ AI ဂေဟစနစ်ကြီးတစ်ခုလုံး ရေရှည်ရှင်သန်လည်ပတ်နိုင်မည် ဖြစ်ပါသည်။

> ❛ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးအနေဖြင့် ပြည်ပ AI ထုတ်ကုန်များအပေါ် မှီခိုသုံးစွဲခြင်းထက် မိမိတို့၏ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လုံခြုံရေးတို့နှင့်ကိုက်ညီမည့် 'ကိုယ်ပိုင် AI စနစ်များ' (Sovereign AI) ကို အပြိုင်အဆိုင်တည်ဆောက်လာကြပြီး အတုအယောင်ဖန်တီးမှုများ၊ မူပိုင်ခွင့်ချိုးဖောက်မှုများနှင့် ပုဂ္ဂိုလ်ရေးအချက်အလက်လုံခြုံမှုတို့ကို အလေးထားလာကြပါသည်။ နိုင်ငံအလိုက် မိမိတို့နိုင်ငံ၏ AI မူဝါဒနှင့် လမ်းညွှန်ချက်များအား နိုင်ငံတကာစံနှုန်းများကိုအခြေခံကာ ရေးဆွဲကျင့်သုံးလျက်ရှိကြသည်ကို လေ့လာတွေ့ရှိရ❜

**(၄) လူသားအရင်းမြစ်များ (Human Resources)**

တက္ကသိုလ်များနှင့် သုတေသနဌာနများမှ ပညာရှင်များနှင့် နည်းပညာနယ်ပယ်မှ အတတ်ပညာရှင်များသည် 'AI ဂေဟစနစ်'ကို ရှေ့သို့တွန်းတင်ပေးနေသည့် 'သက်ရှိမောင်းနှင်အား လူသားအရင်းအမြစ်များ'ပင် ဖြစ်ပါသည်။ သုတေသနပညာရှင်များက တွက်ချက်မှုနည်းလမ်းအသစ်များကို တီထွင်ဖန်တီးပေးကြပြီး အတတ်ပညာရှင်များက အဆိုပါနည်းလမ်းများကို လက်တွေ့အကောင်အထည်ဖော်ရန်နှင့် ရှိရင်းစွဲစနစ်များကို အဆင့်မြှင့်တင်ရန် လုပ်ဆောင်ကြပါသည်။ ၎င်းတို့သည် နည်းပညာဆိုင်ရာအခက်အခဲများကို ဖြေရှင်းခြင်းဖြင့် ဂေဟစနစ်တစ်ခုလုံးကို ဆန်းသစ်တီထွင်မှုများဖြင့် အစဉ်မပြတ် လန်းဆန်းနေအောင် ပြုစုပျိုးထောင်ပေးနေသည့် ဗိသုကာပညာရှင်များ ဖြစ်ကြပါသည်။

**(၅) လုပ်ငန်းများ (Industries)**

သုတေသနနှင့် အတတ်ပညာရှင်များက AI ဂေဟစနစ်ကို ရှေ့သို့တွန်းတင်ပေးနေသကဲ့သို့ နည်းပညာကုမ္ပဏီများ (Tech Companies)ကလည်း လိုအပ်သော ရင်းနှီးမြှုပ်နှံမှုနှင့် လက်တွေ့အသုံးချနိုင်သည့် AI စနစ်များကို ဖန်တီးကြပါသည်။ ယနေ့ခေတ် AI ဂေဟစနစ်တွင် OpenAI၊ Google၊ Microsoft၊ DeepSeek၊ Meta၊ xAI ကဲ့သို့သော နိုင်ငံတကာကုမ္ပဏီကြီးများရှိသကဲ့သို့ ဒေသအလိုက်နှင့် ကဏ္ဍအလိုက် AI လုပ်ငန်းသစ်များ (Startups)လည်း ပေါ်ထွန်းလျက်ရှိပါသည်။ ထို့အပြင် ကမ္ဘာတစ်ဝန်းရှိ ပညာရှင်များ အခမဲ့ပူးပေါင်းဖန်တီးနိုင်သောစနစ်များ (Open-Source AI) လည်း ပေါ်ထွန်းလျက်ရှိရာ ဂေဟစနစ်ကို ပိုမိုကျယ်ပြန့်စေလျက်ရှိပါသည်။

ဤနေရာတွင် ပင်မနည်းပညာကုမ္ပဏီများနှင့် နည်းပညာနှင့် ဆက်စပ်လုပ်ငန်းများဟူ၍ နှစ်မျိုးခွဲခြားရှုမြင်နိုင်ပါသည်။ ပင်မနည်းပညာကုမ္ပဏီများမှာ AI နည်းပညာထုတ်ကုန်ပစ္စည်းများနှင့် ဆော့ဖ်ဝဲများကို တိုက်ရိုက်သုတေသနပြုခြင်း၊ ဒီဇိုင်းဆွဲခြင်းနှင့် ထုတ်လုပ်ခြင်းများကို အဓိကလုပ်ဆောင်ကြပါသည်။ နည်းပညာနှင့် ဆက်စပ်လုပ်ငန်းများကမူ AI နည်းပညာကို အခြေခံပြီး အခြားသောလုပ်ငန်းကဏ္ဍများအား ဝန်ဆောင်မှုပေးခြင်း (သို့မဟုတ်) နည်းပညာဖြင့် လုပ်ငန်းများကို ပိုမိုတွင်ကျယ်အောင် လုပ်ဆောင်ပေးသောကုမ္ပဏီများဖြစ်ကြပါသည်။

**(၆) သုံးစွဲသူများ (Users)**

AI ကို အသုံးပြုသည့် လူသားများသည် ဂေဟစနစ်၏ အရေးပါသော အစိတ်အပိုင်းဖြစ်ပါသည်။ အသုံးပြုသူများသည် AI ၏ရလဒ်များကို လက်တွေ့ဘဝတွင် အသုံးချသူများဖြစ်သလို AI ကို ပိုမိုထက်မြက်လာအောင် ကူညီပေးသူများလည်း ဖြစ်ကြပါသည်။ လူသားများက AI ကို အသုံးပြုလေလေ AI က လူသားတို့၏ ပြုမူဆောင်ရွက်ပုံနှင့် လိုအပ်ချက်ကို ပိုမိုနားလည်လေလေဖြစ်ပါသည်။ အသုံးပြုသူများ၏ တုံ့ပြန်ချက်များသည် AI အတွက် နောက်ထပ်သင်ယူစရာ အချက်အလက်များဖြစ်လာပြီး ဂေဟစနစ်ကို ပိုမိုခိုင်မာအားကောင်းစေပါသည်။

ထို့ပြင် AI နည်းပညာ တိုးတက်လာသည်နှင့်အမျှ လူသားသုံးစွဲသူများအနေဖြင့်လည်း မိမိတို့၏ လုပ်ငန်းခွင်စွမ်းရည်များကို ပိုမိုမြှင့်တင်ခြင်းနှင့် နည်းပညာသစ်များနှင့်အညီ စွမ်းရည်သစ်များ မွမ်းမံပျိုးထောင်ခြင်းတို့ကို အစဉ်မပြတ် လုပ်ဆောင်ခြင်းဖြင့် မိမိတို့ကိုယ်တိုင်လည်း ဤဂေဟစနစ်နှင့်အတူ လိုက်လျောညီထွေ ရှင်သန်တိုးတက်နေရန် လိုအပ်ပါသည်။

**(၇) စည်းမျဉ်းစည်းကမ်းများနှင့် ထိန်းသိမ်းသူများ (Regulations and Regulators)**

AI ကြောင့် လူသားတို့ ဘေးဥပဒ်အန္တရာယ် မဖြစ်စေရန်၊ မမှန်ကန်သော အချက်အလက်များ မဖြန့်ဝေရန်နှင့် ခွဲခြားမှုများ မပါဝင်စေရန် ထိန်းကျောင်းရမည်ဖြစ်ပါသည်။ AI နည်းပညာကို အလွဲသုံးစားမလုပ်စေရန်၊ ပုဂ္ဂိုလ်ရေးဆိုင်ရာလုံခြုံမှုကိုထိန်းသိမ်းရန်နှင့် ဘက်လိုက်မှုများ (Bias) မရှိစေရန်အတွက် စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းကျောင်းပေးကြရမည်ဖြစ်ပါသည်။

အထူးသဖြင့် ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံအသီးသီးအနေဖြင့် ပြည်ပ AI ထုတ်ကုန်များအပေါ် မှီခိုသုံးစွဲခြင်းထက် မိမိတို့၏ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လုံခြုံရေးတို့နှင့်ကိုက်ညီမည့် 'ကိုယ်ပိုင် AI စနစ်များ' (Sovereign AI) ကို အပြိုင်အဆိုင်တည်ဆောက်လာကြပြီး အတုအယောင်ဖန်တီးမှုများ၊ မူပိုင်ခွင့်ချိုးဖောက်မှုများနှင့် ပုဂ္ဂိုလ်ရေးအချက်အလက်လုံခြုံမှုတို့ကို အလေးထားလာကြပါသည်။ နိုင်ငံအလိုက် မိမိတို့နိုင်ငံ၏ AI မူဝါဒနှင့် လမ်းညွှန်ချက်များအား နိုင်ငံတကာစံနှုန်းများကိုအခြေခံကာ ရေးဆွဲကျင့်သုံးလျက်ရှိကြသည်ကို လေ့လာတွေ့ရှိရပါသည်။

AI ဂေဟစနစ် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ဒီဂျစ်တယ်ကွာဟချက်နှင့် နည်းပညာအပေါ် လွန်ကဲစွာမှီခိုမှုကဲ့သို့သော စိန်ခေါ်မှုအသစ်များလည်း ပေါ်ပေါက်လာပါသည်။ နည်းပညာနှင့် အလှမ်းဝေးသောဒေသများနှင့် လူမှုအဖွဲ့အစည်းများအား ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်မနေစေရန်အတွက်လည်း အစဉ်တစိုက် ကြိုးစားသွားကြရမည်ဖြစ်ပါသည်။ ဂေဟစနစ်အတွင်းရှိ အစိတ်အပိုင်းများအားလုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်မှသာ နည်းပညာ၏ စွမ်းပကားကို လူသားအားလုံး တန်းတူညီမျှခံစားရရှိနိုင်မည်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် AI ဂေဟစနစ်သည် လူ၊ နည်းလမ်း၊ အခြေခံအဆောက်အအုံနှင့် စည်းမျဉ်းစည်းကမ်းများကို ဟန်ချက်ညီညီ ပေါင်းစပ်ဖွဲ့စည်းထားသည့် အသိုက်အဝန်းတစ်ခုဖြစ်ပြီး သဘာဝဂေဟစနစ်ပျက်စီးပါက သက်ရှိများရှင်သန်ရန်ခက်ခဲသကဲ့သို့ပင် AI ဂေဟစနစ်အတွင်းရှိ အစိတ်အပိုင်းတစ်ခုခု ချို့ယွင်းသွားပါက နည်းပညာ၏ ကောင်းကျိုးထက် ဆိုးကျိုးက ပိုမိုများပြားလာနိုင်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် AI နည်းပညာအား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်နေကြသကဲ့သို့ပင် အဆိုပါဂေဟစနစ် ရေရှည်တည်တံ့ခိုင်မြဲပြီး လူသားထုအတွက် ဘေးကင်းလုံခြုံသော အကျိုးကျေးဇူးများ ပေးစွမ်းနိုင်စေရန် ဝိုင်းဝန်းပြုစု ပျိုးထောင်သွားကြရမည်ဖြစ်ပါသည်။ AI သည် ကျွန်ုပ်တို့၏အနာဂတ်ကို ပုံဖော်ပေးမည့် ကိရိယာဖြစ်သော်လည်း ထိုဂေဟစနစ်၏ဟန်ချက်ကို ထိန်းကျောင်းမည့်သူမှာမူ ကျွန်ုပ်တို့လူသားများပင်ဖြစ်ပါတော့သည်။ ။

**ကိုးကား**


- *"Artificial Intelligence Index Report", Stanford University, 2026*
- *"Recommendation on the Ethics of Artificial Intelligence", UNESCO, 2021*

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး ချင်းပြည်နယ် ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၆

နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးသည် ယမန်နေ့က ချင်းပြည်နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးကော်မတီ အဖွဲ့ဝင်များနှင့် ကလေးမြို့ ဒေသကွပ်ကဲမှုစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။



တွေ့ဆုံစဉ် တာဝန်ရှိသူများက ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ကလေး) ရှိ ဝန်ထမ်းများ၊ သင်တန်းသူများအား သွားရောက်တွေ့ဆုံ အမှာစကားပြောကြားပြီး ချီးမြှင့်ငွေများ ပေးအပ်ကာ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နယ်စပ်ဒေသ တိုင်းရင်းသား လူငယ်များနှင့် ဖွံ့ဖြိုးရေး သင်တန်းကျောင်း (ကလေး)မှ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး သင်တန်းကျောင်း အောင်ချက် ရာခိုင်နှုန်းများ ကောင်းမွန်စေရေး ကြိုးစားရန် မှာကြားပြီး ချီးမြှင့်ငွေများ ပေးအပ်၍ ကျောင်းဝင်းအတွင်းရှိ စားရိပ်သာနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လှည်းကူးမြို့နယ်၌ ခွေးရူးပြန်ရောဂါ ကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြော

လှည်းကူး ဇူလိုင် ၂၆

လှည်းကူးမြို့နယ်၌ ခွေးရူးပြန်ရောဂါ ကာကွယ်တိုက်ဖျက်ရေး အသိပညာပေးဟောပြောခြင်းကို ယမန်နေ့နံနက်ပိုင်းက အင်းတိုင်ကျေးရွာ မင်္ဂလာဇေယျုံဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဟောပြောပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးအောင်မျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးပြည့်ဖြိုးထွန်း၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာဝါဝါအုန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး ဒေါ်နန်းခိုင်ဇာဝင့်ငြိမ်းတို့က ခွေးရူးပြန်ရောဂါအကြောင်း အသိပညာပေးရှင်းလင်းခြင်းနှင့် ခွေးရူးပြန်ရောဂါနှင့်ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ အင်းတိုင်ကျေးရွာရှိ ခွေးကောင်ရေ ၁၁၆ ကောင် အား ခွေးရူးပြန်ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **အိရွှေစင်လတ်**



# ဆေးရုံ/ ဆေးခန်းများနှင့် ပြည်သူလူထုအတွင်း သားဖွားမီးယပ်အရေးပေါ်အခြေအနေများတွင် လျင်မြန်မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်ရန် ဗဟုသုတများကို မျှဝေဆွေးနွေးမည့် Webinar ကျင်းပမည်




ရန်ကုန် ဇူလိုင် ၂၆

ဆေးရုံ၊ ဆေးခန်းများနှင့် ပြည်သူလူထုအတွင်း သားဖွားမီးယပ် အရေးပေါ်အခြေအနေများတွင် လျင်မြန်မှန်ကန်စွာ ဆုံးဖြတ်ချက်ချနိုင်ရန် မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီဥက္ကဋ္ဌနှင့် အတွေ့အကြုံရှိ သူနာပြုဆရာမကြီးများက တန်ဖိုးရှိသော ဗဟုသုတများကို မျှဝေဆွေးနွေးပေးသွားမည့် Webinar ကျင်းပသွားမည်ဟု မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီမှသိရသည်။

မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီက ဦးစီးကျင်းပသော သူနာပြု သားဖွားများအတွက် CPD(3) point ရရှိမည့် တိုက်ရိုက်အွန်လိုင်းထုတ်လွှင့်မှု (Live Webinar) တစ်ခုကို ဇူလိုင် ၃၀ ရက် မွန်းလွဲ ၁ နာရီတွင် Z-waka application နှင့် Zoom platform တို့တွင် Decision-Making on Obstetric Emergencies for Nurses and Midwies in Clinical Settings ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဟု အသိပေးထားသည်။

ဤ Webinar တွင် သူနာပြုနှင့်သားဖွားကောင်စီဥက္ကဋ္ဌ ဒေါ်နွဲ့နွဲ့ခင်က Identifying High-Risk Pregnancies in the Community: Initial Assessment, Birth Planning & Referral Decisions၊ ရန်ကုန်ဗဟိုအမျိုးသမီးဆေးရုံကြီးမှ သူနာပြုဆရာမကြီး ဒေါ်ပန်းအိခိုင်က Pre-eclampsia and Eclampsia: Severity Assessment, Nursing Management & Case-Based Clinical Decision-Making၊ အထက်တန်းသူနာပြု ဒေါ်ဆွေစိုးမာက Case-Based Assessment and Hospital Nursing Management on Placenta Previa ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးပို့ချပေးသွားမည်ဖြစ်သည်။

အစီအစဉ်အား Z-waka App တွင် စာရင်းသွင်းရန်လင့်ခ်မှ စာရင်းပေးသွင်းနိုင်ပြီး Announcement Poster တွင် ပါဝင်သော Zoom QR code အား Scan ဖတ်၍ ဖြစ်စေ၊ Zoom ID, Passcode ရိုက်ထည့်၍ ဖြစ်စေ၊ zoom link ကို နှိပ်၍ဖြစ်စေ ဝင်ရောက်ပြီး Register လုပ်ကာ တက်ရောက်နားထောင်နိုင်ကြောင်း သိရသည်။

Webinar အတွက် CPD point ရယူလိုပါက KBZ pay - 09 - 448 542 329 သို့ CPD (3) points အတွက် ငွေကျပ် ၃၀၀၀ ပေးသွင်း၍ ငွေဖြတ်ပိုင်းကို 09 - 420 722 496 သို့ မှတ်ချက်တွင် တက်မည့်ပွဲအမည်၊ နေ့ရက်စသည်တို့ကို ပြည့်စုံစွာရေး၍ ပို့ပေးရန် ဖော်ပြထားသည်။ Z-waka App အကောင့် Register ပြုလုပ်ခြင်း၊ အသုံးပြုခြင်းများတွင် အဆင်မပြေမှု တစ်စုံတစ်ရာရှိပါက Z-waka ၏ ဖုန်းနံပါတ် ၀၉-၄၂၄၅၉၉၆၃၀၀ ကို ဖုန်းဖွင့်ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း ခေါ်ဆိုမေးမြန်းနိုင်ကြောင်း သိရသည်။ **MT**

# ဝေါမြို့နယ်၌ ကျွဲ၊ နွား ကာကွယ်ဆေးထိုးနှံ

ဝေါ ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဝေါမြို့နယ် အဘားကျေးရွာ၊ ထိန်တပင်ကျေးရွာနှင့် ပုဂံကျေးရွာတို့၌ ဇူလိုင် ၂၄ ရက်တွင် မွေးမြူရေးပညာပေးဟောပြောပွဲများ၊ မေထုံမဲ့သားစပ်သင်တန်းနှင့် ကျွဲ၊ နွား ကာကွယ်ဆေးများဖြစ်သည့် လည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ၊ ပေါင်ပုပ် လက်ပုပ်ရောဂါ ကာကွယ်ဆေးများကို မြို့နယ်ဦးစီးမှူးဒေါက်တာသိန်းဇော် ဦးစီး၍ ဝန်ထမ်းများနှင့် ကျန်းမာရေးလုပ်သားများက အခမဲ့ကွင်းဆင်း ထိုးနှံပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**တန့်ယန်းမြို့နယ်တွင် (၆၂)ကြိမ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ခရိုင်ရဲတပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့တို့မှ ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ပြည်သူ့ဆေးရုံ အတွင်း/ အပြင် သန့်ရှင်းသာယာလှပစေရေး ဇူလိုင် ၂၅ ရက် နံနက်ပိုင်းတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။**

မင်းလွင်ဦး(တန့်ယန်း)





# မိတ္ထီလာမြို့နယ်၌ နှမ်းစပါးရိတ်သိမ်းမှု ကွင်းဆင်းကြည့်ရှု

မိတ္ထီလာ ဇူလိုင် ၂၆

မိတ္ထီလာမြို့နယ် တောမကျေးရွာအုပ်စု မကျီးပင်ပုကျေးရွာ မကျီးပင်ပု(အရှေ့) စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမ အသင်းမှ အသင်းသားတောင်သူ ဒေါ်ချိုချိုဝင်းစိုက်ပျိုးထားသည့် နှမ်းစပါးကောက်ညှင်းမွှေးစပါးမျိုး ခြောက်ဧက ရိတ်သိမ်းနေမှုကို ယမန်နေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုသည်။

အဆိုပါ နှမ်းစပါးရိတ်သိမ်းနေမှုကို မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် မြို့နယ် သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**



## ငါးသိုင်းချောင်းမြို့၌ ဝါးခမောက်နှင့် နှီးဦးထုပ် နည်းပညာသင်တန်းဖွင့်

ငါးသိုင်းချောင်း ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့တွင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လက်မှုရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် ဝါးခမောက်နှင့် နှီးဦးထုပ် နည်းပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၄ ရက်က မအူကုန်းကျေးရွာအုပ်စု စံပြကျေးရွာ၌ ပြုလုပ်သည်။

ဦးစွာ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကျော်မျိုးတင်က အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး MSME အေဂျင်စီဥက္ကဋ္ဌ စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်ဦးက ပြည်သူလူထု၏ လူနေမှုအဆင့်အတန်းကို မြှင့်တင်နိုင်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်များလာပြီး ဆင်းရဲနွမ်းပါးမှုကို လျှော့နည်းပပျောက်စေနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဖြိုးက လက်မှုရွာစီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားပြီး ကျုံပျော်ခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နမ့်သီတာချိုဇင်က သင်တန်းအတွက်ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ(၂၀၂၆) အောင်မြင်စွာကျင်းပပြီးစီး

ရန်ကုန် ဇူလိုင် ၂၆



မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုတစ်ခုဖြစ်သည့် မြန်မာ့ရိုးရာ အစားအသောက်များကို နိုင်ငံတကာအဆင့်မီ တည်ခင်းဧည့်ခံနိုင်ရန်၊ မြန်မာ့ရိုးရာ အစားအစာများကို ကမ္ဘာ့အလယ်တွင် ပိုမိုထင်ရှားကျော်ကြားလာစေရန်၊ မြန်မာ့ရိုးရာ အစားအစာများကို အခြေခံပြီး နိုင်ငံတကာ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်စေရေး မြှင့်တင်ဆွဲဆောင်နိုင်ရန်နှင့် အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး မြန်မာနိုင်ငံစားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းက ကြီးကြပ်၍ မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ(၂၀၂၆)ကို "Taste of the Golden Land 2026"ဟူသည့် ဆောင်ပုဒ်ဖြင့် ရန်ကုန်မြို့ ရန်ကုန်ကွန်ဗင်းရှင်းစင်တာ၌ ဇူလိုင် ၂၅ ရက်မှ ၂၆ရက်အထိ ကျင်းပခဲ့သည်။

ယနေ့ ဒုတိယနေ့အစီအစဉ်များအရ မြန်မာ့ရိုးရာအစားအစာများကို နိုင်ငံတကာအဆင့်မီ တည်ခင်းပြသခြင်း၊ မြန်မာနိုင်ငံ လက်ဖက်နှင့် ကော်ဖီအသင်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြခြင်း၊ အစားအစာနှင့် အဖျော်ယမကာလုပ်ငန်းနယ်ပယ်၌ ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပခြင်း၊ မြန်မာ့ရိုးရာထုတ်ကုန်ပစ္စည်းများကို အသုံးပြု၍ ကော့တေးပြုလုပ်ပြသခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ စားသောက်ဆိုင်လုပ်ငန်းရှင်များနှင့်အတူ ဒုတိယနေ့ ကျင်းပနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

မြန်မာ့ရိုးရာအစားအစာပြိုင်ပွဲနှင့် ပြပွဲ(၂၀၂၆)ကို မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အဖွဲ့ ခုနစ်ဖွဲ့မှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကာ ပြခန်းပေါင်း ၁၂၀ ပါဝင်ပြသရောင်းချပေးခဲ့ပြီး စိတ်ဝင်တစားလာရောက် ကြည့်ရှုလေ့လာဝယ်ယူအားပေးကြသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## စေတုတ္တရာမြို့နယ်၌ ငွေစုငွေချေးသမဝါယမအသင်းလီမိတက် နှစ်ပတ်လည်စည်းဝေး

စေတုတ္တရာ ဇူလိုင် ၂၆



မကွေး တိုင်းဒေသကြီး စေတုတ္တရာမြို့နယ် ဝဿန်ဦး ငွေစုငွေချေးအသင်း လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ဝဿန်ဦးငွေစုငွေချေး သမဝါယမအသင်း လီမိတက် သဘာပတိ အသင်းဥက္ကဋ္ဌ ဦးအောင်ဆန်းနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သဇင်ကြည်အောင်တို့က အမှာစကားပြောကြားသည်။ ထို့နောက် အသင်းအမှုဆောင် ဦးအောင်မြင့်တင်နှင့် ဦးခင်မောင်ရီတို့က အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ၊ ရှေ့လုပ်ငန်းစဉ် ဘဏ္ဍာရေးရှင်းတမ်းများကို ဖတ်ကြား၍ အသင်းသားကိုယ်စားလှယ်များ၏ ဆန္ဒရယူ၍ သဘာပတိမှ အတည်ပြုခဲ့ပြီး အသင်းသားများစုဆောင်းငွေအပေါ် အတိုးများပေးအပ်သည်။

ယင်းနောက် အမှုဆောင်ဒါရိုက်တာအဖွဲ့ ငါးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သိရသည်။

**ဆန်းကိုကို(ပြန်/ဆက်)**



## ဖျာပုံမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ဖျာပုံ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် သစ်တောဦးစီးဌာနမှ ဦးဆောင်၍ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရန်၊ ရာသီဥတုမျှတပြီး အပူချိန်ထိန်းညှိပေးရန်၊ သစ်တောသယံဇာတ ရေရှည်တည်တံ့စေရန်၊ ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရန်နှင့် သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများ တက်ကြွစွာ ပူးပေါင်းပါဝင်လာစေရန်ရည်ရွယ်၍ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ် ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းက ဖျာပုံမြို့နယ် အမာမြို့ ပျဉ်ဒရယ်သစ်တောကြိုးဝိုင်း အကွက်အမှတ်(၅၆)၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါ်မေသန်းဦး၊ တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ဒေသနှင့်ကိုက်ညီသည့် သစ်မျိုးများဖြစ်သည့် ဖြူးရွှေဝါ၊ ဖြူးအုပ်ဆောင်း၊ သမဲ့ကြီး၊ ကျနာ၊ တရော၊ မဒမ၊ ကနစိုစသည့် သစ်မျိုး ခုနစ်မျိုး စုစုပေါင်းပျိုးပင် ၈၁၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ချောင်းဦးမြို့၌ တောင်သူနည်းပညာပေးဆွေးနွေး

ချောင်းဦး ဇူလိုင် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် ယမန်နေ့နံနက်ပိုင်းက ၂၀၂၆-၂၀၂၇ ခုနှစ် ချည်မျှင်ရှည်ဝါသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး တောင်သူနည်းပညာပေးဆွေးနွေးပွဲ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင့်ဆွေက ဝါသီးနှံ အထွက်နှုန်းမြင့်မားစွာရရှိရေးအတွက် ဓာတ်မြေသြဇာထည့်သွင်းနည်းစနစ်၊ ပိုးမွှားကာကွယ်နှိမ်နင်းရေးနှင့် သီးညှပ်စိုက်ပျိုးနည်းစနစ်များ ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆက်လက်၍ QIP အစီအစဉ်တွင် ပါဝင်စိုက်ပျိုးသည့် ဝါစိုက်တောင်သူများအား MPE ဓာတ်မြေသြဇာများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများအား ဓာတ်မြေသြဇာနှင့် မြေဆွေး အချိန်ကိုက်အချိုးကျ ရောစပ်အသုံးပြုနည်းကို လက်တွေ့သရုပ်ပြသသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးချည်မျှင်ရှည်ဝါ ဧက ၃၈၇၀ စိုက်ပျိုးရန်လျာထားပြီး ယနေ့အထိ ၁၇၇၆ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**





## ပင်လောင်းမြို့နယ်၌ ကြက်၊ ဝက်များ ထောက်ပံ့ပေးအပ်

ပင်လောင်း ဇူလိုင် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် ဒေသဝက်နှင့် ကြက်များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ပေါ့အင်ကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသမွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါက်တာစိုးအောင်ဝင်းက ဒေသဝမ်းစာ အသား၊ ငါးများ ဖူလုံစေရေးနှင့် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မြင့်မားရေးအတွက် မွေးမြူရေးလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေနိုင်ကြောင်းနှင့် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစိုင်းအေးလှိုင်က မူးယစ်ဆေးဝါးပပျောက်ရေး စီမံကိန်းဒေသများတွင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသဦးစီးမှူးနှင့် မြို့နယ်ဦးစီးမှူးတို့က ဒေသဝက်ငါးကောင်နှင့် ဒေသကြက် အကောင် ၅၀ တို့ကို ကျေးရွာမွေးမြူရေးလုပ်ငန်းကော်မတီထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်

စာတည်းအဖွဲ့

ဇူလိုင် ၂၀ ရက်မှ ၂၆ ရက်အတွင်း ကြေးမုံသတင်းစာတွင်ဖော်ပြခဲ့သည့် သတင်းများအနက် အုပ်ချုပ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ သံတမန်ဆက်ဆံရေး၊ လွှတ်တော်ရေးရာ၊ ငြိမ်းချမ်းရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဥပဒေရေးရာ၊ သယ်ယူပို့ဆောင်ရေး၊ လုံခြုံရေး၊ စွမ်းအင်၊ အားကစား၊ အကြမ်းဖက်တိုက်ခိုက်မှု၊ မှုခင်းနှင့် မိုးလေဝသ စသည့် သတင်းများကိုစုစည်း၍ တစ်ပတ်အတွင်း သတင်းအနှစ်ချုပ်အဖြစ် ဖော်ပြလိုက်ပါသည်။

## အုပ်ချုပ်ရေး

နိုင်ငံတော်အတွင်း အုပ်ချုပ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ မူလအခြေအနေသို့ ပြန်လည်ရောက်ရှိခြင်းမရှိသေးသည့် မြို့နယ်များအတွက်(ချင်းပြည်နယ် တွန်းဇံမြို့နယ်နှင့် ဖလမ်းမြို့နယ်တို့မှအပ)အရေးပေါ်အခြေအနေ ကြေညာထားမှုကို ရက်ပေါင်း ၉၀ ထပ်မံတိုးမြှင့်လိုက်ကြောင်း နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ်(၃/၂၀၂၆) ဖြင့် ဇူလိုင် ၂၁ ရက်တွင် ထုတ်ပြန်ခဲ့သည်။ ယင်းနှင့်အတူ အဆိုပါ မြို့နယ်များတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဆက်လက်အပ်နှင်းသည့် စစ်အုပ်ချုပ်ရေးအမိန့်ကိုလည်း ရက်ပေါင်း ၉၀ ထပ်မံသက်တမ်းတိုးခဲ့သည်။

## ဒေသဖွံ့ဖြိုးရေး

နိုင်ငံတော်သမ္မတသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဇူလိုင် ၂၁ ရက်တွင် တွေ့ဆုံခဲ့သည်။ တွေ့ဆုံပွဲတွင် ဖွံ့ဖြိုးတိုးတက်သော အနာဂတ်နိုင်ငံတော် တည်ဆောက်နိုင်ရန်အတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံပြီး အတွေးအခေါ်မှန်ကန်သည့် လူသားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရန် အရေးကြီးကြောင်း လမ်းညွှန်မှာကြားခဲ့သည်။

## သံတမန်ဆက်ဆံရေး

ဇူလိုင် ၂၂ ရက်တွင် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ ကာဇက်စတန်သမ္မတနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံတို့မှ မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးများက ၎င်းတို့၏ သံအမတ်ခန့်အပ်လွှာများကို အသီးသီး ပေးအပ်ခဲ့ကြသည်။

## လွှတ်တော်ရေးရာ

ပြည်ထောင်စုလွှတ်တော်က မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဉာဏ်ရည်တု (AI)နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (WAICO)တွင် ပါဝင်လက်မှတ်ရေးထိုးရန် ဇူလိုင် ၂၁ ရက်တွင် သဘောတူအတည်ပြုခဲ့သည်။ ယင်းသို့ ပါဝင်ခြင်းဖြင့် မြန်မာနိုင်ငံ၏ AI နည်းပညာကဏ္ဍသစ်ကို ဖွင့်လှစ်နိုင်မည်ဖြစ်ကာ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုမည်ဖြစ်သည်။

## ငြိမ်းချမ်းရေး

ဇူလိုင် ၂၂ ရက် နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ KNLA နှင့် PDF အဖွဲ့ဝင် အမျိုးသား ၁၈ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၁၉ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာခဲ့သဖြင့် ဆုကြေးငွေများ ပေးအပ်ကာ မိဘများထံ ပြန်လည်လွှဲအပ်ခဲ့သည်။ ထို့ပြင် တနင်္သာရီတိုင်းဒေသကြီးတွင် PDF အဖွဲ့ဝင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး တစ်ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ ဇူလိုင် ၂၄ ရက်တွင် ဥပဒေဘောင်အတွင်း ဝင်ရောက်လာရာ ဆုကြေးငွေ စုစုပေါင်း ငွေကျပ် ၃၆၈ သိန်း ပေးအပ်ခဲ့သည်။

## ပညာရေး

ကချင်ပြည်နယ် မြစ်ကြီးနားတက္ကသိုလ်၌ လာမည့်နိုဝင်ဘာလတွင် "နိုင်ငံတကာပညာရေးဖိုရမ်-၂၀၂၆"ကို နိုင်ငံတော်အဆင့် ပထမဆုံးအကြိမ် ကျင်းပသွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၉ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။ နိုင်ငံတကာပညာရေးဖိုရမ် ကျင်းပခြင်းသည်ဒေသတွင်း ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရုံသာမက နိုင်ငံတကာနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေမည့် ထူးခြားသော အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

## ကျန်းမာရေး

နေပြည်တော် ဇမ္ဗူသီရိမြို့နယ်တွင် ဘိုးဘွားများအတွက် အခြေခံကျန်းမာရေးစောင့်ရှောက်မှု၊ အပန်းဖြေနားနေမှုနှင့် အသိပညာမျှဝေမှုများ ဆောင်ရွက်ပေးမည့် နေ့ပိုင်းစောင့်ရှောက်ရေးဂေဟာသစ်ကို ဇူလိုင် ၂၃ ရက်တွင် ဖွင့်လှစ်လိုက်ပြီဖြစ်သည်။

## ဥပဒေရေးရာ

စားသုံးသူရေးရာဦးစီးဌာနက အသင့်စားမုန့်အမျိုးမျိုးတွင် မြန်မာဘာသာဖြင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံစွာဖော်ပြထားခြင်း မရှိပါက စားသုံးသူကာကွယ်ရေးဥပဒေဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဟု သတိပေးထားသည်။

ထို့ပြင် အင်တာနက်လိုင်း ဝန်ဆောင်မှုပေးသည့် ကုမ္ပဏီများအနေဖြင့် စွမ်းဆောင်ရည်ကျဆင်းနေပါက လိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ နည်းဥပဒေများအရ အရေးယူမည်ဖြစ်ကြောင်း ဇူလိုင် ၂၄ ရက် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဖြေကြားခဲ့သည်။ အသုံးပြုသူများအနေဖြင့် နစ်နာမှုများရှိပါက စားသုံးသူရေးရာဦးစီးဌာန Consumer Call Center ဖုန်းနံပါတ် ၁၅၃၅ သို့ တိုင်ကြားနိုင်ကြောင်း သိရသည်။

## သယ်ယူပို့ဆောင်ရေး

ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် မြစ်ကြီးနား-မိုးညှင်း ရထားလမ်းပိုင်းတွင် အမှတ် (၄၉) အဆန်နှင့် အမှတ်(၅၀) အစုန် ရထားခရီးစဉ်များကို ဇူလိုင် ၂၁ ရက်မှစတင်ကာ တိုးချဲ့ပြေးဆွဲပေးနေပြီဖြစ်သည်။

ထို့ပြင် ရန်ကုန်-ပြည် လမ်းပိုင်းတွင် လေအေးပေးစက်ပါသည့် ခေတ်မီ DEMU လူစီးအမြန်ရထားများကို ဇူလိုင် ၃၁ ရက်မှစ၍ တိုးချဲ့ပြေးဆွဲပေးမည်ဖြစ်သည်။ လက်မှတ်ခနှုန်းထားမှာ အထက်တန်းအတွက် ငွေကျပ် ၂၀၀၀၀ နှင့် ပထမတန်းအတွက် ငွေကျပ် ၁၅၀၀၀ ဖြစ်ပြီး ခရီးစဉ်တစ်လျှောက် ၆ နာရီသာ ကြာမြင့်မည်ဖြစ်သောကြောင့် နေ့ချင်းပြန် သွားလာနိုင်မည်ဖြစ်သည်။

## လုံခြုံရေး

မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးအတွက် အရေးပါသော ကလေး-တမူး လမ်းကြောင်းအား ပြန်လည်ဖွင့်လှစ်နိုင်ရန် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၉ ရက်နှင့် ၂၁ ရက်တို့တွင် ခါမ်းပါတ်မြို့နယ်အတွင်းရှိ ကမ္မကြီးကျေးရွာများကို တပ်မတော်စစ်ကြောင်းများက ထပ်မံတိုက်ခိုက် သိမ်းပိုက်နိုင်ခဲ့သည်။

## စွမ်းအင်

၂၀၂၅ ခုနှစ် ရာဂီမုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် အထက်ပေါင်းလောင်းစက်ရုံ၏ ပြုပြင်ခြင်းလုပ်ငန်းများကို အချိန်တိုအတွင်း ဆောင်ရွက်ခဲ့ရာ ယခုအခါ တစ်နိုင်ငံလုံးသို့ တစ်နှစ်လျှင် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ ၄၅၄ သန်းခန့် ပြန်လည်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း ဇူလိုင် ၂၃ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ လားရှိုး၊ နောင်ချို၊ ကျောက်မဲနှင့် သီပေါမြို့နယ်တို့တွင် အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပျက်စီးသွားခဲ့သည့် ဓာတ်အားခွဲရုံ ကိုးရုံနှင့် ထရန်စဖော်မာ ၈၆ လုံးကို ဇူလိုင် ၂၆ ရက် သတင်းအရ အမြန်ဆုံးပြန်လည်ပြုပြင်ပြီးနောက် လျှပ်စစ်ဓာတ်အားများ ပြန်လည်ဖြန့်ဖြူးပေးနေပြီ ဖြစ်သည်။ ထို့ပြင် ချင်းပြည်နယ် တွန်းဇံမြို့တွင်လည်း ဇွန် ၁၈ ရက်မှစတင်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ဌာနဆိုင်ရာရုံးများနှင့် ဓာတ်အားသုံးစွဲသူများထံ ဓာတ်အားပြန်လည်ပေးဝေနေပြီ ဖြစ်သည်။

## အားကစား

အာဆီယံဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ASEAN Championship Hyundai Cup 2026 ပြိုင်ပွဲတွင် မြန်မာအမျိုးသားလက်ရွေးစင်အသင်းသည် မလေးရှားအသင်းနှင့် ဇူလိုင် ၂၅ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် (MESF)နှင့် PUBG Mobile တို့ ပူးပေါင်းစီစဉ်သည့် "တက္ကသိုလ်ပေါင်းစုံ Varsity Esports Championship-2026" ပြိုင်ပွဲကို ရန်ကုန်တက္ကသိုလ်၌ ဇူလိုင် ၂၅ ရက်တွင် PUBG Mobile နှင့် Mobile Legend အားကစားနည်းများဖြင့် စတင်ကျင်းပခဲ့သည်။

## အကြမ်းဖက်တိုက်ခိုက်မှု

ပခုက္ကူမြို့နယ်အတွင်းရှိ ၁၃၂ ကေဗွီ မဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၃၃၈)ကို အကြမ်းဖက်သမားများက ဇူလိုင် ၁၉ ရက်တွင် မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်နှင့် ကမ္မမြို့တို့တွင် လျှပ်စစ်မီးများ ယာယီပြတ်တောက်သွားခဲ့သည်။

## မှုခင်း

သတ်မှတ်ထားသည့် လမ်းကြောင်းအတိုင်း မပြေးဆွဲဘဲ စက်မှုဇုန်များတွင် စက်ရုံဖယ်ရီအဖြစ် ပြောင်းလဲပြေးဆွဲနေသည့် YBS ခရီးသည်တင်ယာဉ် ၁၀ စီးကို ဇူလိုင် ၂၅ ရက်တွင် သတင်းရရှိချက်အရ ၎င်းတို့၏ CNG ဓာတ်ငွေ့ဖြည့်တင်းခွင့်ကို ရာသက်ပန် ပိတ်သိမ်းအရေးယူလိုက်သည်။

ထို့ပြင် ရန်ကုန်-မန္တလေး DEMU လူစီးအမြန်ရထားပေါ်တွင် အခြားခရီးသည်များကို စိတ်ပြိုငြင်စေရန် ပြုမူခြင်းနှင့် အရက်သေစာသောက်စားမူးယစ်ခြင်းများ ပြုလုပ်ခဲ့သည့် အမျိုးသားသုံးဦးကို ဇူလိုင် ၂၀ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ရထားပို့ဆောင်ရေး လုပ်ငန်းဥပဒေဖြင့် အမှုဖွင့်အရေးယူထားသည်။

## မိုးလေဝသ

ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းနှင့် မုတ်သုံလေ အားကောင်းလာခြင်းကြောင့် ဇူလိုင် ၂၆ ရက်မှ ဩဂုတ် ၂ ရက်အတွင်း နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အများစုတွင် မိုးကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်းနှင့် ရုတ်တရက်ရေကြီးခြင်းများ ဖြစ်ပေါ်နိုင်ကြောင်း ဇူလိုင် ၂၅ ရက်တွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။

## သဘာဝဘေးအန္တရာယ်တုံ့ပြန်နိုင်ရေး စုဖွဲ့ထားမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ ခင်းကျင်းပြသ

အင်္ဂပူ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် မီးသတ်ဦးစီးမှူးရုံးတွင် ယနေ့နံနက်ပိုင်းက ရေဘေးနှင့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားပါက တုံ့ပြန်ရေးအတွက် စုဖွဲ့ထားရှိမှုနှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများ ခင်းကျင်းပြသမှု အခမ်းအနား ပြုလုပ်သည်။



ဦးစွာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးအောင်က အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းသိန်းက ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုနှင့် အစုဖွဲ့များ စုဖွဲ့ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်မင်းထွန်းနှင့် တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများအား ကြည့်ရှုခဲ့ကြောင်း သိရသည်။

မန်းကျော်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တံတားချောင်းကျေးရွာ ဒလ-ကနောင်လမ်းမဘေးဝဲ/ယာတွင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ ဒီရေတောဂေဟစနစ်ထိန်းသိမ်းရေးနေ့ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၆ ရက်က ကျင်းပရာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၊ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက စုပေါင်းသစ်ပင်စိုက်ပျိုးစဉ်။

ခင်စန္ဒာမြင့်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

## တောင်ပို့ကြီး(တောင်)ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျောင်းဆောင်သစ် ဖွင့်လှစ်



ညောင်ရွှေ ဇူလိုင် ၂၆

ရှမ်းပြည်နယ် ညောင်ရွှေမြို့နယ် တောင်ပို့ကြီး(တောင်) ကျေးရွာအခြေခံပညာအလယ်တန်းကျောင်း၌ ဝိသာခါရွှေတောင်ပို့ ကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျောင်းဆောင်သစ်ရှေ့၌ ကျင်းပသည်။

**ဖွင့်လှစ်ပေး**

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်အား ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက အမှာစကား ပြောကြားပြီး ဝိသာခါဖောင်ဒေးရှင်းမှ တာဝန်ရှိသူများက ကျောင်းဆောင်သစ် ဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များ၊ ကျောင်းဆောင်သစ်နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများနှင့် အလှူငွေများ၊ စာရေးကိရိယာများကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ခဲ့ကြကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ခွေးရူးပြန်ရောဂါကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ခွေးရူးရောဂါကာကွယ်ဆေးကွင်းဆင်းထိုးနှံပေး



ရန်ကုန် ဇူလိုင် ၂၆

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ခွေးရူးပြန်ရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၄ ရက်က ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲတွင် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါက်တာနော်မာဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းလင်းနိုင်၊ အရှေ့ပိုင်းခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်တင်အေးချိုတို့က ခွေးရူးမှတစ်ဆင့်လူသို့ ခွေးရူးရောဂါ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်ရန်နှင့် ကျောင်းသားလူငယ်များ ခွေးရူးရောဂါနှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတများ ရရှိစေရန်အတွက် အသိပညာပေး ဟောပြောပြီး ခွေးရူးရောဂါကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ကျောင်းသား ကျောင်းသူများ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

## သထုံမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲ ကျင်းပ



သထုံ ဇူလိုင် ၂၆

မွန်ပြည်နယ် သထုံမြို့ လိပ်အင်းရပ်ကွက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းတွင် တာဝန်ရှိသူများပူးပေါင်း၍ ကျောင်းသား ကျောင်းသူများအား အသိပညာပေး ဟောပြောခြင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စု(သထုံ)၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် အမှတ်(၇၈)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(သထုံ)တို့မှ တာဝန်ရှိသူတို့က မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများ၊ အွန်လိုင်းလောင်းကစားခြင်း၏ ဆိုးကျိုးများ၊ လောင်းကစားပြုလုပ်ခြင်းကြောင့် ကျခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ ယာဉ်အန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ၊ စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများနှင့် အွန်လိုင်းပေါ်မှ သတင်းတု သတင်းမှားများ ဂရုပြုနိုင်ရေး သိကောင်းစရာတို့ကို ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လွိုင်လင်မြို့နယ်၌ မျိုးစေ့၊ ဓာတ်မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကျင်းပ



လွိုင်လင် ဇူလိုင် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ ၂၀၂၆-၂၀၂၇ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့ပေးအပ်သည့် မျိုးစေ့၊ မြေဩဇာနှင့် လယ်ယာသုံးစက်ကိရိယာများကို မိုးစပါး ပန်းတိုင်အထွက်နှုန်း ရရှိအောင် စိုက်ပျိုးထားသည့် တောင်သူများထံ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ချီခမ်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ဦးစွာ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးမင်းသန်းက မျိုးစေ့၊ မြေဩဇာ၊ လယ်ယာသုံး စက်ကိရိယာ ထောက်ပံ့ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက မိုးစပါးမျိုးစေ့ထုတ် စိုက်ပျိုးသည့် တောင်သူများအား မျိုးစေ့၊ မြေဩဇာ၊ လယ်ယာသုံး စက်ကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**အယ်မင်း(လွိုင်လင်)**

## ကျိုက်ပင်ကောက်မြို့နယ်၌ ပြည်သူ့စကားဝိုင်း ကျင်းပ

ကျိုက်ပင်ကောက် ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး ကျိုက်ပင်ကောက်မြို့နယ် အထက်တန်းကျောင်း (ပန်းတင်)၌ လူငယ်နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ဇူလိုင် ၂၄ ရက်က ပြုလုပ်သည်။

ပြည်သူ့စကားဝိုင်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမောင်မောင်ဌေးက စိုက်ပျိုးရေးဆိုင်ရာအလေ့အကျင့်ကောင်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးတင်မြတ်က သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်မိုးလွင်က ပတ်ဝန်းကျင်သန့်ရှင်းသာယာရေး အမှိုက်စွန့်ပစ်ခြင်းဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဦးစိုးမင်းအောင်က ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ခေါင်းစဉ်တို့ဖြင့် အသိပညာပေးဆွေးနွေးပြောကြားသည်။

ထို့နောက် မိဘများနှင့် ကျောင်းသား ကျောင်းသူများက သိလိုသည့် မေးမြန်းချက်များကို သက်ဆိုင်ဌာနများက ပြန်လည်ဖြေကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်လွယ်လွယ်ဝင်းတို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ဇေယျာထွန်း(ကျိုက်ပင်ကောက်)**



## မြောင်းမြမြို့၌ သမဝါယမအသင်းသားတောင်သူများအား သွင်းအားစုများပေးအပ်

မြောင်းမြ ဇူလိုင် ၂၆

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်တွင် တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေဖြင့် သမဝါယမအသင်းသား တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ဇူလိုင် ၂၅ ရက်က မဒေါ့ပင်ကျေးရွာ ရွှေပြည်အေးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒေါ်ဌေးဌေးမော်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန္ဒာညွန့်က တောင်သူများအား သွင်းအားစုပေးအပ်ရခြင်းနှင့် သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေတို့ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြောင်းမြမြို့နယ် မဒေါ့ပင်ကျေးရွာ မြစပယ်စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ၄၅ ဦး၊ စိုက်ပျိုးဧက ၄၇၃ ဧကအတွက် ပွံ့ပိုးငွေကျပ် ၄၀၂ ဒသမ ၀၅ သိန်းနှင့် ညီမျှသော သွင်းအားစုများကို မိုးစပါးစိုက်ပျိုးချိန်အမီ တာဝန်ရှိသူများက ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# လယ်သမားတို့၏ ချွေးစက်နှင့် ရင့်မှည့်လာသော အသက်သွေးကြော

**မြေပြင်ပေါ်တွင် ရွှေရောင်လွှမ်းသော စပါးနှံများကဲ့သို့ပင် လူသားတို့၏ဘဝခရီးလမ်းတွင် အရေးပါဆုံးသော ကောက်ပဲသီးနှံနှစ်မျိုးမှာ ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့ ဖြစ်ပါသည်။ ရှေးယခင်ကတည်းက လူသားတို့၏ စားဝတ်နေရေးအတွက် အသက်သွေးကြောသဖွယ် အားထားခဲ့ရသော ထိုသီးနှံနှစ်မျိုးကို လယ်သမားကြီးတို့၏ ချွေးစက်များဖြင့် ပျိုးထောင်ကာ သဘာဝတရား၏ ကျေးဇူးတရားဖြင့် ရင့်မှည့်စေခဲ့ပါသည်။**

လွန်းပိုးအိမ်

စိုက်ပျိုးရေးပညာရှင်တစ်ဦး မဟုတ်သော်ငြားလည်း ပြောင်းခင်းများကြား လျှောက်လှမ်းရင်း တွေ့မြင်ရသည့် မြေဆီလွှာ၏အနံ့အသက်များနှင့် လယ်သမားတို့၏ဘဝကို ရောယှက်ထားသော သဘာဝတရား၏ အံ့ဖွယ်များကို စူးစမ်းလေ့လာသူတစ်ဦးအနေဖြင့် မှတ်တမ်းတင်လိုပါသည်။

နေရောင်ခြည်ကို လိုလားတောင့်တပြီး မြေဆီလွှာ၏ အနှစ်သာရကို စုပ်ယူထားသော ဖူးစားပြောင်းသည် လယ်ကွင်းပြင်တို့၏ အလှတရား ဖြစ်ပါသည်။ ပြောင်းဖူးပင်တို့သည် တည့်မတ်စွာဖြင့် မိုးကောင်းကင်ကို ငေးမောနေတတ်ပြီး ၎င်းတို့၏ ရွက်ဖျားတို့သည် လေပြည်နှင့်အတူ နူးညံ့စွာ ကခုန်နေကြပါသည်။ ဖူးစားပြောင်း၏ အနှစ်သာရမှာ ၎င်းတို့၏ အဖူးအတွင်း၌သာမက ၎င်းတို့ သယ်ဆောင်လာသော အာဟာရဓာတ်များနှင့် လူသားတို့၏ စားသောက်မှုပုံစံတွင် ပေးစွမ်းနိုင်သော စွမ်းအင်တို့၌ ပြည့်လျှံနေပါသည်။ စိုက်ပျိုးမှု အတွေ့အကြုံများအရ ဤသီးနှံများကို စိုက်ပျိုးထုတ်လုပ်ခြင်းသည် လယ်သမားတို့အတွက် မျှော်လင့်ချက်ကို ပေးစွမ်းသလို စားသုံးသူတို့အတွက်လည်း ကျန်းမာရေးကို ထိန်းသိမ်းပေးနိုင်သော အဖိုးတန်အစာအာဟာရအရင်းအမြစ်များကို လက်ကမ်းကြိုဆိုနေပါသည်။

**မိုးခေါင်ရေရှားသောဒေသများတွင်ပင် ရှင်သန်နိုင်**

တစ်ဖက်တွင်မူ နှံစားပြောင်းသည် ကြံ့ခိုင်သော စိတ်ဓာတ်ဖြင့် သဘာဝ၏ပူပြင်းခြောက်သွေ့မှုတို့ကို ရင်ဆိုင်ကျော်ဖြတ်လေ့ရှိသည့် အပင်မျိုးဖြစ်ပါသည်။ နှံစားပြောင်းပင်တို့သည် မြင့်မားပြီး ခိုင်မာသော ပင်စည်တို့ဖြင့် မုန်တိုင်းများကို တုံ့ပြန်တတ်ကြပါသည်။ ၎င်းတို့၏အနှံများတွင် လူသားတို့အား ကျွေးမွေးစောင့်ရှောက်မည့် အဖိုးတန်သော အစာအာဟာရများစွာကို သိမ်းဆည်းထားပါသည်။ မိုးခေါင်ရေရှားသောဒေသများတွင်ပင် ရှင်သန်နိုင်စွမ်းရှိသော နှံစားပြောင်းတို့၏ စိမ်းလန်းသော အရွက်များက စိုက်ပျိုးရေး၏ အောင်မြင်မှုကို ဖော်ညွှန်းနေသကဲ့သို့ ရှိပါသည်။

မြေဆီလွှာ၏ ဂုဏ်သတ္တိတို့သည် အပင်တစ်ပင်၏ ကြီးထွားမှုအတွက် အဓိကသော့ချက်ဖြစ်သကဲ့သို့ ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့သည်လည်း မြေဆီလွှာ၏ အမျိုးအစားအလိုက် အားကောင်းမောင်းသန် ဖြစ်ထွန်းနေကြပါသည်။ ဖူးစားပြောင်းတို့သည် အစိုဓာတ်ကို ကြိုက်နှစ်သက်သော်လည်း နှံစားပြောင်းတို့ကမူ ပိုမိုခက်ခဲကြမ်းတမ်းသော ပတ်ဝန်းကျင်တွင်ပင် အံ့ဖွယ်ကောင်းအောင် တိုးပွားနေကြပါသည်။ ဤကွာခြားချက်သည် သဘာဝတရား၏မျှတမှုကို ပြသနေသကဲ့သို့ပင် ဒေသအလိုက် သင့်လျော်သော သီးနှံများကို အကောင်းဆုံး ရွေးချယ်စိုက်ပျိုးရန် လမ်းစများကို ဖန်တီးပေးထားပါသည်။

ပျိုးထောင်သည့်အချိန်မှစ၍ ရိတ်သိမ်းချိန်အထိ ထိုသူတို့၏ ဂရုစိုက်မှု၊ ချစ်ခင်မှုနှင့် မျှော်လင့်ချက်များက အပင်ငယ်တို့၏ အသက်နှင့် ရောယှက်နေပါသည်။ ပြောင်းခင်းများအတွင်းသို့ လျှောက်လှမ်းလိုက်သောအခါ ကြားရသည့် အရွက်တို့၏တရှပ်ရှပ်မြည်သံသည် သဘာဝတရား၏ တေးသီချင်းတစ်ပုဒ်အလား ခံစားရစေပြီး အပင်တို့၏ ကြီးထွားမှုမှာလည်း လယ်သမားတို့၏ နေ့စဉ်ဘဝနှင့် ဆက်စပ်နေပါသည်။

ဖူးစားပြောင်းကို ပြုတ်၍ဖြစ်စေ၊ မီးကင်၍ဖြစ်စေ စားသုံးရသောအရသာမှာ လူတို့၏ အာရုံခံစားမှုတွင် ခိုင်မြဲစွာရှိနေတတ်ပါသည်။ ထိုအရသာမှာ အချိုဓာတ်သာမက မြေဆီလွှာမှရရှိလာသော သဘာဝ၏အရသာစစ်စစ်ဖြစ်ပါသည်။ တစ်ဖက်တွင်မူ နှံစားပြောင်းကိုကြိတ်ခွဲ၍ မုန့်ပြုလုပ်ခြင်း သို့မဟုတ် အခြားသော အစားအစာများတွင် အသုံးပြုခြင်းဖြင့် လူတို့၏ကျန်းမာရေးအတွက် လိုအပ်သော အာဟာရများကို ဖြည့်ဆည်းပေးသည့် အံ့ဖွယ်သီးနှံအဖြစ် ပုံဖော်ပေးနေပါသည်။

သဘာဝပတ်ဝန်းကျင်နှင့် ပြောင်းတို့၏ ဆက်နွှယ်မှုသည် အလွန်နက်နဲလှပါသည်။ နေရောင်ခြည်၊ မိုးရေချိန်နှင့် မြေဆီလွှာ အချိုးအစားမှန်မှသာလျှင် အပင်တို့သည် ဖွံ့ဖြိုးကြီးထွားနိုင်ပါသည်။ ဤအချက်သည် လူသားတို့၏ ဘဝတွင်လည်း အလားတူပင်ဖြစ်ပြီး မှန်ကန်သောအခြေအနေနှင့် အခွင့်အရေးတို့ကို ပိုင်ဆိုင်ထားပါက လူတိုင်းသည် ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့ကဲ့သို့ပင် လှပစွာ ပွင့်လန်းလာနိုင်ကြမည် ဖြစ်ပါသည်။

> ✻ **ဖူးစားပြောင်း၏ အနှစ်သာရမှာ ၎င်းတို့၏ အဖူးအတွင်း၌သာမက ၎င်းတို့ သယ်ဆောင်လာသော အာဟာရဓာတ်များနှင့် လူသားတို့၏ စားသောက်မှုပုံစံတွင် ပေးစွမ်းနိုင်သော စွမ်းအင်တို့၌ ပြည့်လျှံနေပါသည်။ စိုက်ပျိုးမှု အတွေ့အကြုံများအရ ဤသီးနှံများကို စိုက်ပျိုးထုတ်လုပ်ခြင်းသည် လယ်သမားတို့အတွက် မျှော်လင့်ချက်ကိုပေးစွမ်းသလို စားသုံးသူတို့အတွက်လည်း ကျန်းမာရေးကိုထိန်းသိမ်းပေးနိုင်**
>
> ✻ **နှံစားပြောင်းသည် ကြံ့ခိုင်သောစိတ်ဓာတ်ဖြင့် သဘာဝ၏ ပူပြင်းခြောက်သွေ့မှုတို့ကို ရင်ဆိုင်ကျော်ဖြတ်လေ့ရှိသည့် အပင်မျိုးဖြစ်ပါသည်။ နှံစားပြောင်းပင်တို့သည် မြင့်မားပြီး ခိုင်မာသောပင်စည်တို့ဖြင့် မုန်တိုင်းများကို တုံ့ပြန်တတ်ကြပါသည်။ ၎င်းတို့၏အနှံများတွင် လူသားတို့အား ကျွေးမွေးစောင့်ရှောက်မည့် အဖိုးတန်သောအစာအာဟာရများစွာကို သိမ်းဆည်းထား**

**ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်လည်း ဆက်စပ်နေ**

ပြောင်းစိုက်ပျိုးခြင်းသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်လည်း ဆက်စပ်နေပါသည်။ ရိတ်သိမ်းချိန်တွင်ပြုလုပ်သော ပွဲတော်များသည် လူအများ၏ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းနေပြီး ပြောင်းကို အခြေခံသော ရိုးရာအစားအစာများသည် မျိုးဆက်တစ်ခုမှတစ်ခုသို့ လက်ဆင့်ကမ်းလာခဲ့ကြပါသည်။ ဤသည်မှာ လူတို့၏ဘဝတွင် စိုက်ပျိုးရေးသည် မည်မျှအရေးပါကြောင်း သက်သေပြသည့် ခိုင်မာသော သာဓကဖြစ်ပါသည်။

သိပ္ပံပညာ၏ ခေတ်မီတိုးတက်မှုနှင့်အတူ ပြောင်းမျိုးစေ့တို့၏ အရည်အသွေးကိုမြှင့်တင်နိုင်ခဲ့သော်လည်း ရှေးဟောင်းမျိုးရင်းတို့၏ အရသာနှင့် ခံနိုင်ရည်မှာမူ အမြဲတမ်းတန်ဖိုးထားစရာဖြစ်ခဲ့ပါသည်။ ခေတ်ကာလများ ပြောင်းလဲသွားသော်လည်း လူသားတို့၏ စားရေရိက္ခာလိုအပ်ချက်မှာ ပြောင်းလဲခြင်းမရှိဘဲ ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့သည် ထာဝရအဖော်မွန်များအဖြစ် လူ့လောကကို အကျိုးပြုနေပါသည်။

ရေရှည်တည်တံ့သော စိုက်ပျိုးရေးစနစ်တွင် ဤပြောင်းမျိုးစိတ်များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ ၎င်းတို့သည် သဘာဝအတိုင်း ပိုးမွှားဒဏ်ကိုခံနိုင်ရည်ရှိခြင်းနှင့် မြေဆီလွှာကို အကျိုးပြုခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းရာတွင် အဓိကကျပါသည်။ ဓာတုဗေဒပစ္စည်းများလျှော့ချ၍ သဘာဝနည်းလမ်းများဖြင့် ပြောင်းစိုက်ပျိုးခြင်းသည် ကမ္ဘာမြေကို ပိုမိုကျန်းမာစေသည့် အလေ့အကျင့်ကောင်းကို မြှင့်တင်ပေးနေမည် ဖြစ်ပါသည်။

တစ်ခါတစ်ရံတွင် ပြောင်းခင်းများ၏ အလယ်၌ရပ်ကာ ဝန်းကျင်ကို ငေးမောကြည့်ခြင်းသည် စိတ်၏ငြိမ်းချမ်းမှုကို ဆောင်ကြဉ်းပေးပါသည်။ လေညင်းလှုပ်ခတ်လိုက်တိုင်း ရွေ့လျားသွားသော အပင်တို့၏ အသွင်အပြင်မှာ ပန်းချီကားတစ်ချပ်နှင့်ပင် တူလှပါသည်။ ဤသည်မှာ စိုက်ပျိုးရေးနှင့် အနုပညာ၏ ဆက်စပ်မှုကို ပြသနေပြီး စိုက်ပျိုးသူ၏ လက်ရာသည် သဘာဝ၏လက်ရာနှင့် ပေါင်းစပ်မိသောအခါ အံ့သြဖွယ်ကောင်းသည့်ရလဒ်များကို မြင်တွေ့ရမည်ဖြစ်ပါသည်။

**အဘက်ဘက်က အသုံးဝင်**

လူသားတို့သည် ပြောင်းကို အစားအစာအဖြစ်သာမက တိရစ္ဆာန်အစာအဖြစ်လည်း အသုံးပြုကြပါသည်။ ဤအချက်သည် စိုက်ပျိုးရေးစက်ဝန်းတွင် ပြောင်းသည် မည်မျှအဘက်ဘက်က အသုံးဝင်ကြောင်းပြသနေပါသည်။ ပြောင်းဖူးရိုး၊ အနှံ၊ အရွက်တို့သည် အလေအလွင့်မရှိဘဲ သက်ရှိသတ္တဝါတို့၏ စားဝတ်နေရေးအတွက် အသုံးပြုနိုင်ခြင်းမှာ သဘာဝ၏ အံ့ဖွယ်ဖန်တီးမှုတစ်ခုပင်ဖြစ်ပါသည်။

ရာသီဥတုဖောက်ပြန်မှုများ ရှိနေသည့်ကြားမှပင် ပြောင်းတို့သည် ၎င်းတို့၏ ရှင်သန်မှုကို ဆက်လက်ထိန်းသိမ်းနေကြပါသည်။ ဤအချက်သည် လူသားတို့အတွက် သင်ခန်းစာတစ်ခုပင် ဖြစ်ပါသည်။ အခက်အခဲများ ကြုံတွေ့ရသည့်တိုင်အောင် အမြစ်တွယ်ရာ မြေဆီလွှာကိုအမှီပြု၍ အရှုံးမပေးဘဲ ကြီးထွားရန် ကြိုးပမ်းခြင်းသည်သာ အောင်မြင်ခြင်း၏လမ်းစကို ရှာဖွေတွေ့ရှိစေနိုင်ပါသည်။

ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့၏ အသံသည် လယ်သမားတို့၏ အိပ်မက်များနှင့် ရောယှက်နေပါသည်။ ပြောင်းစေ့တစ်ခုကို မြေထဲသို့ ထည့်လိုက်ချိန်တွင် အနာဂတ်၏ အသီးအပွင့်ကိုပါ အတူတူမြှုပ်နှံလိုက်ခြင်းပင် ဖြစ်ပါသည်။ ထိုအစေ့လေးသည် အချိန်တန်လျှင် လူသားတို့၏ငတ်မွတ်မှုကို ပြေပျောက်စေမည့် မျှော်လင့်ချက်များအဖြစ် အသက်ဝင်လာမည်ဖြစ်ပါသည်။

ဈေးကွက်အတွင်း၌လည်း ပြောင်း၏ ဈေးနှုန်းနှင့် လိုအပ်ချက်များသည် စိုက်ပျိုးသူတို့၏ ဘဝအာမခံချက်များ ဖြစ်ပါသည်။ သို့သော်လည်း စီးပွားရေးထက်ပိုသောအရာမှာ လူတို့၏ ကျေးဇူးတရားပင် ဖြစ်ပါသည်။ ပြောင်းသည် ကမ္ဘာ့လူဦးရေ၏ အဓိကအစာအာဟာရဖြစ်သောကြောင့် ၎င်းကို စိုက်ပျိုးသူတို့သည် ကမ္ဘာ၏ဝမ်းရေးကို တာဝန်ယူပေးထားသည့်အလား ဖြစ်ပါသည်။

**အာဟာရနှင့် စွမ်းအင်ကို အမြဲပေးစွမ်း**

အနာဂတ်ကာလတွင် စိုက်ပျိုးရေးနည်းပညာများသည် ပိုမိုခေတ်မီလာမည်ဖြစ်သော်လည်း ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့၏ အခြေခံသဘောသဘာဝမှာ မပြောင်းလဲဘဲ တည်ရှိနေပါသည်။ ၎င်းတို့သည် လူသားတို့အား အာဟာရနှင့် စွမ်းအင်ကို အမြဲပေးစွမ်းနေမည့် အဖိုးတန်သော အပင်များအဖြစ် အစဉ်ထာဝရ တည်တံ့နေမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်ပါတော့သည်။

ထိုသီးနှံများကို တန်ဖိုးထားရန် လိုအပ်မည်ဖြစ်ပြီး စားပွဲပေါ်သို့ ရောက်လာသောပြောင်းတစ်ဖူး၊ ပြောင်းမုန့်တစ်ထုပ်စီတိုင်းတွင် လယ်သမားတို့၏ ချွေးစက်များနှင့် သဘာဝ၏ ကရုဏာများ ရောယှက်နေသည်ကို သတိရသင့်ပါသည်။ ဤကျေးဇူးတရားကို သိရှိခြင်းသည်ပင်လျှင် လူသားတို့၏ စာနာမှုတစ်ရပ်ကို ထုတ်ဖော်ပြသခြင်းဖြစ်ပါသည်။

ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့သည် လူသားတို့၏ဘဝတွင် ခွဲခြား၍မရနိုင်သော အစိတ်အပိုင်းများဖြစ်သည်။ ၎င်းတို့သည် မြေကြီး၏ သားသမီးများဖြစ်ပြီး လူသားတို့၏ အသက်ကို စောင့်ရှောက်ပေးသူများ ဖြစ်ပါသည်။ ဤသီးနှံနှစ်မျိုးအား ချစ်ခင်မြတ်နိုးစွာ စိုက်ပျိုးပြီး တန်ဖိုးထားစားသုံးခြင်းသည် ကမ္ဘာမြေ၏သက်တမ်းကို ရှည်ကြာစေပြီး လူသားတို့၏ဘဝကိုလည်း ပိုမိုသာယာစေမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသည်။

စိုက်ပျိုးရေးလောက၏ အလှတရားသည် ပြောင်းခင်းများ၏ စိမ်းလန်းစိုပြည်မှုတွင် တည်ရှိပြီး ထိုအလှတရားကိုထိန်းသိမ်းရန်မှာ အားလုံး၏ တာဝန်ဖြစ်ပါသည်။ ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့၏အသံသည် လေပြည်နှင့်အတူ ပျံ့လွင့်နေပြီး လူသားတို့၏ဘဝကိုအမြဲတမ်းပံ့ပိုးကူညီပေးနေမည် ဖြစ်ပါသည်။


ဆိုရပါလျှင် ဖူးစားပြောင်းနှင့် နှံစားပြောင်းတို့သည် ကမ္ဘာမြေပေါ်တွင် ၎င်းတို့၏ အခန်းကဏ္ဍကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိပါသည်။ လူတို့၏ အစာအာဟာရအတွက်သာမက လောက၏ဟန်ချက်ညီမှုအတွက်ပါ ၎င်းတို့သည် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းများ ဖြစ်ကြပါသည်။ ထိုသီးနှံများအပေါ်ထားရှိသည့် တန်ဖိုးထားမှုသည်ပင်လျှင် သဘာဝတရားနှင့် လူသားတို့၏ ရေရှည်တည်တံ့သော ချစ်ကြည်ရေးကိုဖော်ဆောင်ပေးမည့် အုတ်မြစ်ဖြစ်သည့်အတွက် ပြည်သူအပေါင်းတို့ စိုက်ပျိုးရေးကို အားပေးတန်ဖိုးထားကြပါရန် တိုက်တွန်းနှိုးဆော် ရေးသားအပ်ပါသည်။ ။




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## သက်တော်ရှည်ဆရာတော်ကြီးများ၏ ကျန်းမာသက်ရှည်ရေး နည်းလမ်းများ



စေတနာလှိုင် (ရေစကြို) ရေးသားသည့် သက်တော်ရှည်ဆရာတော်ကြီးများ၏ ကျန်းမာသက်ရှည်ရေး နည်းလမ်းများ (ဒုတိယတွဲ)စာအုပ် ထွက်ရှိလာသည်။

သက်တော် (၉၀)နှင့်အထက် သက်တော်ရှည် ဆရာတော်ကြီး (၂၁) ပါးတို့၏ ကျန်းမာသက်ရှည်ရေးနည်းလမ်းများကို ဖော်ပြထားသည်။ အဆိုပါ ဆရာတော်ကြီးများမှာ ချောင်းဆုံမြို့နယ် မုဒွန်းဆရာတော်၊ အရိယမဂ္ဂင်ချောင်ဆရာတော် အရှင်အရိန္ဒမ၊ ထားဝယ်မြို့ ဇေယျဝတီဆရာတော်၊ ဦးပဥ္စင်းကြီး ဦးဉာဏောဘာသ၊ ဟင်္သာတမြို့ လက်သမားရပ် အတွင်းပတ္တမြားဆရာတော်၊ မုံရွာမြို့ ပေပင်တောင်ကျောင်းဆရာတော်၊ စစ်ကိုင်းမြို့နယ် ငှါတရော်ရွာ ဇဝနာရာမဆရာတော်၊ ပဲခူးမြို့ ညောင်ဝိုင်းရပ် မြို့မစာသင်တိုက်ဆရာတော်၊ မအူပင်မြို့ မြို့ဦးပေါ်တော်မူမင်းကျောင်းဆရာတော်၊ မင်းလှမြို့နယ် သုံးထပ်ဆရာတော်၊ ညောင်တုန်းမြို့နယ် ကဇန်းရွာ မြဗိမာန်ကျောင်းဘုန်းတော်ကြီး၊ ဖျာပုံမြို့ အသောကာရုံ(ဒွါရ)ဆရာတော်၊ ညောင်တုန်းမြို့နယ် ကြင်ဖော်ရွာဆရာတော်၊ ဖူလုံရွာ မင်းကျောင်းဆရာတော်၊ လားရှိုးမြို့ မဟာဗောဓာရုံဆရာတော်၊ ရွှေကျင်မြို့နယ် မဒေါက်မြို့ပန်းငွေရုံဆရာတော်၊ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဒိနီဆရာတော်၊ ရေစကြိုမြို့နယ်ကိုင်းရွာ ရွှေဘုံသာကျောင်းဆရာတော်၊ အရှေ့(ဒဂုံ)မြို့နယ် ရွှေလင်းယုံဆရာတော်၊ ရေစကြိုမြို့ ဓမ္မမဥ္ဇူသိမ်ကျောင်းဆရာတော်၊ မြိုင်မြို့နယ် မုံညင်းရွာ မဟာနန္ဒဝံကျောင်းဆရာတော်တို့ ဖြစ်ကြသည်။

စာအုပ်ကို ရတနာရွှေပြည်စာပေ၊ ဝ၉၄၂၂၄၈၈၆၂၉၊ ဝ၉၇၈၈၈၄၇၆၉၉ မှ တန်ဖိုးငွေကျပ် ၆ဝဝဝ ဖြင့် ဖြန့်ချိသည်။

## ပညာရေးသဘောတရား



ပါမောက္ခ ဦးနေမျိုးလွင်(အရဟံ သာသနာပြုဓမ္မကောလိပ် ရေးသားသည့် ပညာရေးသဘောတရား စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် First Semester ပထမသုံးလပတ်ပို့ချချက် ၁၂ ခုနှင့် Second Semester ဒုတိယသုံးလပတ် ပို့ချချက်ကိုးခု ပါရှိသည်။ First Semester ပထမသုံးလပတ်ပို့ချချက်တွင် ပညာရေး၏သဘောသဘာဝ၊ ကျောင်းသင်ပညာရေး၊ ကိုယ်တိုင်သင်ယူပညာရေး၊ ကျောင်းပြင်ပပညာရေးနှင့် ဘဝတစ်သက်တာသင်ယူမှု၊ သင်ကြားခြင်း၊ သင်ယူခြင်းနှင့်ကျောင်း၊ ပညာရရှိရာဌာနများ၊ သင်နည်းဗေဒနှင့် သင်နည်းဗေဒဆိုင်ရာအသိပညာ၊ အခြေခံသင်ယူမှုသဘောတရားနှင့် သဘောတရားပညာရှင်များ၊ ကလေးများ၏ သင်ယူမှုကိုလေ့လာခြင်း၊ ဘလွန်း၏ မျိုးခွဲပညာ (Bloom's Tzxonomy)၊ အခြေခံသင်ယူမှုပုံစံများ၊ သင်ကြားမှုနည်းလမ်းများ၊ ထိရောက်သောသင်ယူမှုအတွက် နည်းလမ်းများ၊ သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ ပါဝင်သည်။ Second Semester ဒုတိယသုံးလပတ်ပို့ချချက်တွင် မြန်မာနိုင်ငံပညာရေးသမိုင်း၊ ပညာရေးသဘောတရား၊ လူတိုင်းအကျုံးဝင်ပညာရေး၊ ဘေးကင်းလုံခြုံစိတ်ချရမှုရှိသောသင်ယူမှုပတ်ဝန်းကျင်ဖန်တီးခြင်း၊ စာသင်ခန်းအတွင်း နေ့စဉ်ပုံမှန်လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းစနစ်များကို ချမှတ်ပေးခြင်း၊ စနစ်ကျသောသင်ပြမှုပုံစံနှင့် သင်ယူမှုဦးတည်ချက်ချမှတ်ခြင်း၊ အခြေခံပညာရေးသင်ရိုးညွှန်းတမ်းကို လေ့လာခြင်း၊ ကျောင်းစည်းကမ်းထိန်းသိမ်းရေး၊ ဆရာဗဟိုပြု ချဉ်းကပ်နည်းနှင့် ကျောင်းသားဗဟိုပြုချဉ်းကပ်နည်းတို့ ပါရှိသည်။

စာအုပ်ကို ကိုလတ်စာပေ၊ ဝ၉၈၈၅ဝ၂ဝဝ၆၈၊ ဝ၉၉၆၅ဝ၂ဝဝ၆၈၊ အမှတ် (၂၂ဝ)၊ ၃၁လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်နှင့် အရဟံ ဖောင်ဒေးရှင်း (ဗဟို)၊ ဝ၉၂ဝ၂၃၁ဝ၄၊ သုမင်္ဂလာလုံးချင်းအိမ်ရာဝင်း၊ ဘုရားသုံးဆူဓမ္မပါလစာသင်တိုက် (အတွင်း)၊ ILBCအနီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၁၅ဝဝဝ ဖြင့် ဖြန့်ချိသည်။

## လောကကို အေးမြစေသူ



မေတ္တာရှင် (ရွှေပြည်သာ) ရေးသားသည့် လောကကို အေးမြစေသူစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် လောကကို အေးမြစေသူ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ လောကကို အေးမြစေသော ရဟန်း၊ ဆရာမပုညခင် အောင်မြင်ရခြင်းရဲ့ အဓိကအကြောင်းတရား၊ လောကကို အေးမြစေသူ ဆရာကြီး သခင်ကိုယ်တော်မှိုင်း၊ မေတ္တာဓာတ် အားကြီးလေ ခွဲခြားမှုမရှိလေ၊ စိတ်ကောင်းရှိဖို့ကပထမ၊ ပြည်သူသို့မျက်နှာမူသော စာရေးဆရာဟူသည်၊ သိမ် ၁ဝဝ ကျော်ကို သမုတ်တော်မူခဲ့သော ရန်ကင်းတောရဆရာတော် အရှင်တိသ၊ အပါယ်ကျရတဲ့ အဓိကအကြောင်းတရား၊ ဘုရားရှင်သာရှိလျှင် မုဒိတာထားတတ်သော နေရာတွင် ဧတဒဂ် အပေးခံရမည့် ဆရာတော်၊ အရိပ်နှင့်တူသော လာဘ၊ သက္ကာရ၊ မျက်ရည်မကျခင် သိစေချင်၊ ဆရာကောင်းအင်္ဂါ၊ ဆရာကြီး ဒဂုန်ရွှေမျှား၏ စာပေအပေါ်ခံယူချက်၊ ကျောက်တုံးလိုလူနှင့် သစ်သားတုံးလိုလူ၊ စာရေးဆရာကြီး ဦးရန်အောင် သဘောထားကြီးပုံ၊ မာနကင်းပုံ၊ မုဒိတာပွားတတ်ပုံနှင့် စာပေအပေါ်ခံယူချက်၊ ကာယကံမေတ္တာ၊ ဆရာမြသန်းတင့်ရဲ့ ခံယူချက်၊ ဆရာကြီးချစ်စံဝင်း၏ မေတ္တာနှင့် ကရုဏာ၊ သဘင်ဂီတသာမက စာရေးဆရာကိုလည်း အနုပညာရှင်ဟုပင်သတ်မှတ်ချင်ပါသည်၊ အဖိုးသခင်ကိုယ်တော်မှိုင်းသို့ စသည့်အကြောင်းအရာ ၉၆ ခု ပါရှိသည်။

စာအုပ်ကို ရွှေပြည်သာစာပေ၊ ဝ၉၇၉၄၁၂ဝ၂၁၂၊ ဝ၉၄၄၃၃၅၉ဝ၆ဝ၊ အမှတ်(၂၅/မြေညီ)၊ ဌေးကြွယ် (က)ရပ်ကွက်၊ ဓမ္မဒါနလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်မှ တန်ဖိုးငွေကျပ် ၁၅ဝဝဝ ဖြင့် ဖြန့်ချိသည်။

## မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ (မုံရွာစာဖြေဌာန) သုတစုံလင် ဗုဒ္ဓဝင် - မုံရွာသာသနာပြုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၆**

မုံရွာမြို့ စုဒ္ဒသမအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ သုတစုံလင်ဗုဒ္ဓဝင်ဖြေဆိုပူဇော်ပွဲ (မုံရွာစာဖြေဌာန) သုတစုံလင် ဗုဒ္ဓဝင် - မုံရွာသာသနာပြုအဖွဲ့ ဖွဲ့စည်းခြင်းနှင့် ဖွင့်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက မုံရွာမြို့ ရုံးကြီးရပ် ရူပါရုံသုဓမ္မစာရီ ဗိမာန်တော်ကြီး၌ ကျင်းပသည်။



ဦးစွာ ရူပါရုံသုဓမ္မစာရီ ဗိမာန်တော်ဆရာတော်ကြီးက ဖွင့်လှစ်သင်ကြားရသည့် အကြောင်းမိန့်ကြားတော်မူပြီး စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ပညာတိက္ခနှင့် နာယကဆရာတော် ဘဒ္ဒန္တဝိဇယတို့က ဩဝါဒချီးမြှင့်တော်မူသည်။ ထို့နောက် မုံရွာစာဖြေဌာန ကျင်းပရေးကော်မတီ ဖွဲ့စည်းပုံကို ဖတ်ကြားအတည်ပြုပြီး စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင့်လှိုင်မြင့်က ဝမ်းမြောက်စကားပြောကြားကာ ကော်မတီဥက္ကဋ္ဌဒေါ်မဥ္ဇူက ကော်မတီဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကော်မတီ အထွေထွေအတွင်းရေးမှူး ဦးကျော်တင်က လုပ်ငန်းဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းပြောကြားပြီး ကုသိုလ်ရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကော်မတီအဖွဲ့ဝင်များက ဆရာတော်ကြီးများရှေ့မှောက်တွင် ထမ်းဆောင်ရမည့် လုပ်ငန်းများအတွက် လက်မှတ်ရေးထိုး တာဝန်ယူကြသည်။ သုတစုံလင်ဗုဒ္ဓဝင် မုံရွာစာဖြေဌာန ကော်မတီကို ဩဝါဒဆရာတော်ကြီးခြောက်ပါး၊ နာယကချုပ်နှင့် နာယကဆရာတော်ကြီး ၂၂ ပါး၊ သင်ကြားရေး ဆရာ ဆရာမ ၁၅ ဦး၊ ပြင်ပအကျိုးတော်ဆောင်အဖွဲ့ဝင်၁၉ဦး၊စီမံအုပ်ချုပ်မှုဆရာတော်၊ သင်တန်းမှူးဆရာတော်နှင့်တကွ ကော်မတီနာယကကြီး ငါးဦး၊ ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အထွေထွေအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး နှစ်ဦး၊ ဘဏ္ဍာရေးမှူး၊ တွဲဖက်ဘဏ္ဍာရေးမှူး၊ စာရင်းကိုင်၊ တွဲဖက်စာရင်းကိုင်၊ စာရင်းစစ်၊ တွဲဖက်စာရင်းစစ်၊ ရုံးအဖွဲ့မှူးနှင့် ရုံးအကူနှစ်ဦး စုစုပေါင်း ၁၅ ဦးဖြင့် ကော်မတီကို ဖွဲ့စည်းထားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## အုတ်ဖိုမြို့၌ စားသောက်ကုန်များသက်သာသောဈေးနှုန်းဖြင့်ရောင်းချ

**အုတ်ဖို ဇူလိုင် ၂၆**

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ကုန်ဈေးနှုန်း တည်ငြိမ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် ဆီ၊ အသား၊ ငါးနှင့် စားသောက်ကုန်များ သက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးခြင်းကို အထက အုတ်ဖိုကျောင်းဝင်းရှေ့၌ ဇူလိုင် ၂၅ ရက် နံနက်ပိုင်းက ဆောင်ရွက်သည်။



အဆိုပါ ရောင်းချပေးခြင်းကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး အမှုဆောင်အရာရှိ ဦးဖြိုးဝေအောင်၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးအေးဇော်ထိုက်နှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ အပတ်စဉ် စနေနေ့တိုင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်သူ(အုတ်ဖို)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ (သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့် တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ရှိ စီးပွားရေးလုပ်ငန်းများက ချစ်ပ်ပြားထုတ်လုပ်ရေးနှင့် ထောက်ပံ့ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၉၅၀ ဘီလီယံတန်ဖိုးရှိ သဘောတူညီချက်များ လက်မှတ်ရေးထိုးခဲ့

ဆိုးလ် ဇူလိုင် ၂၆

တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံတို့ရှိ စီးပွားရေးလုပ်ငန်းများက လာမည့် ငါးနှစ်တာကာလအတွင်း ချစ်ပ်ပြားထုတ်လုပ်ရေးနှင့် ထောက်ပံ့ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် အမေရိကန်ဒေါ်လာ ၉၅၀ ဘီလီယံတန်ဖိုးရှိ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

တောင်ကိုရီးယားသမ္မတ လီဂျေမြောင်က ဆန်ဖရန်စစ္စကိုမြို့သို့ ရောက်ရှိပြီးနောက် OpenAI၊ Anthropic နှင့် Nvidia အပါအဝင် အမေရိကန်ကုမ္ပဏီများ၏ အကြီးအကဲများနှင့် သီးခြားစီ တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် အထက်ပါပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များကို လက်မှတ်ရေးထိုးခဲ့ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ထုတ်ပြန်ကြေညာခဲ့သည်။

သမ္မတ လီဂျေမြောင်က ၎င်းကိုယ်တိုင် ဦးစီးကျင်းပခဲ့သည့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ ထိပ်သီးအစည်းအဝေးတစ်ခုတွင် ဉာဏ်ရည်တု (AI) နည်းပညာနှင့်ပတ်သက်ပြီး တောင်ကိုရီးယားနိုင်ငံ မျှော်မှန်းချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ သမ္မတနှင့်အတူ လိုက်ပါလာခဲ့ကြသည့် Samsung Electronics နှင့် SK Hynix ကုမ္ပဏီများအပါအဝင် အမေရိကန်နှင့် တောင်ကိုရီးယားကုမ္ပဏီများမှ ထိပ်တန်းခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။

မှတ်ဉာဏ်သိုလှောင်နိုင်သော ချစ်ပ်ထုတ်လုပ်မှုတွင် ကမ္ဘာ့အမြင့်မားဆုံး ယှဉ်ပြိုင်နိုင်စွမ်းနှင့် ထုတ်လုပ်နိုင်စွမ်းတို့ကို အခြေခံ၍ တောင်ကိုရီးယားနိုင်ငံအနေဖြင့် ယုံကြည်စိတ်ချရသော AI ချစ်ပ်ထုတ်လုပ်မှုနှင့် ထောက်ပံ့ရေးကွင်းဆက် မိတ်ဖက်နိုင်ငံတစ်ခု ဖြစ်လာမည်ဟု မျှော်လင့်ပါကြောင်း သမ္မတ လီက ပြောကြားခဲ့သည်။




ပြီးခဲ့သည့်လကလည်း သမ္မတလီက တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းဒေသတွင် ချစ်ပ်ထုတ်လုပ်ရေးဗဟိုဌာနများ တည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၅၄၇ ဘီလီယံကျော် ရင်းနှီးမြှုပ်နှံမည့်အစီအစဉ်ကို ကြေညာခဲ့ကြောင်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာ ပရိုဂရမ်များကို အသုံးပြုသူဦးရေ ပထမဆုံးအကြိမ်အဖြစ် ၅၀ ရာခိုင်နှုန်းကျော်လွန်

တိုကျို ဇူလိုင် ၂၆

ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာ ပရိုဂရမ်များကို အသုံးပြုသူဦးရေ ပမာဏသည် ပထမဆုံးအကြိမ်အဖြစ် ၅၀ ရာခိုင်နှုန်းကျော်လွန်ခဲ့ကြောင်း အစိုးရ၏ စစ်တမ်းတစ်ခုက ဖော်ပြထားသည်။



ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးဆိုင်ရာ ယခုနှစ်အတွက် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။

မတ်လတွင် ကုန်ဆုံးခဲ့သော ၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဂျပန်နိုင်ငံရှိ လူဦးရေ၏ ၅၈ ဒသမ ၈ ရာခိုင်နှုန်းသည် ဉာဏ်ရည်တုနည်းပညာ ဝန်ဆောင်မှုများကို အသုံးပြုခဲ့ကြကြောင်း အဆိုပါအစီရင်ခံစာတွင် ဖော်ပြထားသည်။ အဆိုပါပမာဏသည် ယခင်နှစ်ကထက် နှစ်ဆကျော် ပိုမိုများပြားလာကြောင်း သိရသည်။

လူငယ်များကြားတွင် အသုံးပြုမှုနှုန်း ပိုမိုမြင့်မားသည်ကိုတွေ့ရပြီး အသက်၁၅ နှစ်မှ၁၉ နှစ်အကြား အသုံးပြုသူ ၉၂ ရာခိုင်နှုန်းနီးပါးနှင့် အသက် ၂၀ ကျော်အရွယ်များတွင် ၇၈ ရာခိုင်နှုန်းခန့် အသုံးပြုကြသည်။

သို့သော် အသက် ၅၀ ကျော်အရွယ်များတွင် ၄၄ ရာခိုင်နှုန်းခန့်နှင့် အသက် ၆၀ ကျော်အရွယ်များတွင် ၃၄ ရာခိုင်နှုန်းခန့်သာလျှင် ဉာဏ်ရည်တုနည်းပညာကို အသုံးပြုကြသည်။

ဉာဏ်ရည်တုနည်းပညာ အသုံးပြုမှု၏ နိုင်ငံအလိုက် ပျမ်းမျှနှုန်းထားမှာ တရုတ်နိုင်ငံတွင် ၉၃ ဒသမ ၆ ရာခိုင်နှုန်းရှိပြီး အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့တွင် ၇၅ ဒသမ ၆ ရာခိုင်နှုန်း ရှိသည်။

ဂျပန်ကုမ္ပဏီများအနက် ၆၉ ရာခိုင်နှုန်းခန့်က ဉာဏ်ရည်တုနည်းပညာကို အသုံးပြုလျက်ရှိသည်။

အဆိုပါပမာဏသည် ယခင်ဘဏ္ဍာနှစ်ကထက် ၂၀ ရာခိုင်နှုန်းနီးပါး မြင့်တက်လာခဲ့သည်။

ဂျပန်ကုမ္ပဏီအများစုက ဉာဏ်ရည်တုနည်းပညာကို အစည်းအဝေးမှတ်တမ်းများ ရေးသားခြင်းသို့မဟုတ် အီးမေးလ်များရေးသားခြင်းတို့အတွက် အသုံးပြုကြကြောင်း စစ်တမ်းတွင် ဖော်ပြထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

## ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်ခံရသူ ၃၀၀၀ကျော် ရှိလာ

ကင်ရှာဆာ ဇူလိုင် ၂၆

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် အီဘိုလာရောဂါကူးစက်ခံရသူ ၃၀၀၀ ကျော်ရှိလာကြောင်း ဇူလိုင် ၂၅ ရက်တွင် တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နိုင်ငံအတွင်း လက်ရှိအချိန်တွင် အီဘိုလာရောဂါအတည်ပြုကူးစက်ခံရသူ ၃၀၇၅ ဦးရှိသည်။ ၎င်းတို့အနက် သေဆုံးသူ ၁၃၅၄ဦး၊ ပြန်လည်ကောင်းမွန်လာသူ ၅၅၆ ဦးနှင့် ဆေးရုံတွင်ကုသမှုခံယူနေသူ ၇၅၅ ဦး ရှိကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ပြောကြားသည်။ နိုင်ငံအတွင်းရှိ အိုင်တူယီ၊ မြောက်ကီဗူ၊ တောင်ကီဗူ၊ ဟော့ယူလီနှင့် ရှော်ပူဒေသများတွင် အီဘိုလာရောဂါကူးစက်မှုများ တွေ့ရှိနေရသည်။

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် လက်ရှိဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်စ်မျိုးကွဲဖြစ်သည့် Bundibugyo အီဘိုလာဗိုင်းရပ်စ်ကာကွယ်ဆေးကို ပညာရှင်များက တီထွင်နေကြောင်း ဝန်ကြီးချုပ် Judith Suminwa Tuluka က ပြောကြားသည်။

အဆိုပါကာကွယ်ဆေးကို လေးလအတွင်း ရရှိမည်ဟုယူဆရပြီး အဆိုပါကာကွယ်ဆေးအတွက် သုတေသနလုပ်ငန်းများ ဆောင်ရွက် ရန် အစိုးရက ရန်ပုံငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

## ဟူသီတပ်ဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံရှိ နိုင်ငံပိုင် ရေနံစက်ရုံများအား တိုက်ခိုက်

ယီမင် ဇူလိုင် ၂၆

ယီမင်နိုင်ငံရှိ ဟူသီတပ်ဖွဲ့က ဆော်ဒီအာရေဗျနိုင်ငံရှိ နိုင်ငံပိုင်ရေနံစက်ရုံ၊ အဆောက်အအုံများကို တိုက်ခိုက်ခဲ့ကြောင်း ပြောကြားခဲ့သည်။ အီရန်၏ ထောက်ခံအားပေးမှုရရှိထားသော ၎င်းတပ်ဖွဲ့ဝင်များက ဆော်ဒီအာရေဗျနိုင်ငံ ပင်လယ်နီကမ်းခြေရှိ ယန်ဘုနှင့် ဂျီဇန်မြို့များတွင် တည်ရှိသော ဆော်ဒီအာရမ်ကို ကုမ္ပဏီပိုင်နေရာများကို တိုက်ချင်းပစ်ဒုံးကျည်များအပါအဝင် အခြားလက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။ ယခုတိုက်ခိုက်မှုများသည် ဟူသီတို့၏ လက်တွေ့ထိန်းချုပ်မှုအောက်တွင်ရှိနေသည့် ယီမင်နိုင်ငံအနောက်ပိုင်း ဟူဒိဒက်ချ်မြို့အပေါ် ဆော်ဒီအာရေဗျ၏ တိုက်ခိုက်မှုများအပါအဝင် ဆော်ဒီဘက်မှ ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများကို တုံ့ပြန်သည့်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားခဲ့သည်။

ဆော်ဒီအာရေဗျဘက်ကမူ ဟူသီတို့၏ တိုက်ခိုက်မှုများနှင့် ပတ်သက်၍ တစ်စုံတစ်ရာ မှတ်ချက်ပြုပြောကြားခြင်း မရှိသေးပေ။ ယီမင်နိုင်ငံတွင် ဆော်ဒီအာရေဗျ၏ ထောက်ခံမှုရထားသော ကြားဖြတ်အစိုးရနှင့် ဟူသီတို့အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လျက်ရှိသည်။ ဟူသီတို့က ဆော်ဒီအာရေဗျကို ရေကြောင်းပိတ်ဆို့မှု ပြုလုပ်ကြောင်း ကြေညာခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် ဟော်မုဇ်ရေလက်ကြားအတွက် အစားထိုးရေကြောင်းလမ်းကြောင်းတစ်ခုအဖြစ် အသုံးပြုနေကြသည့် Bab el-Mandeb ရေလက်ကြားကို ထိခိုက်စေလျက်ရှိသည်။

ထို့ပြင် ဟူသီတို့က ဆော်ဒီအာရေဗျ၏ ရေနံတင်သင်္ဘောများကိုလည်း တိုက်ခိုက်ခဲ့ရာ ကမ္ဘာ့စွမ်းအင်ဈေးကွက်အတွင်း ထောက်ပံ့မှုများ ပြတ်တောက်သွားနိုင်ခြေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများ မြင့်တက်လာစေခဲ့သည်။ **ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – အောင်ကျော်ကျော်**

## တရုတ်နိုင်ငံက ပြည်ဝင်ခွင့် ဗီဇာကင်းလွတ်ခွင့်ပြုသည့်စနစ်အား ပြန်လည်ပြင်ဆင်ဆောင်ရွက်

ပေကျင်း ဇူလိုင် ၂၆

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံခြားသား ဗီဇာကင်းလွတ်ခွင့်ဖြင့် ဝင်ရောက်နိုင်ရေးနှင့် နယ်စပ်ဒေသ လူဝင်မှုကြီးကြပ်ရေး စည်းမျဉ်းများအား ကောင်းမွန်စေရေးအတွက် ပြန်လည်ပြင်ဆင်ကာ ဒီဂျစ်တယ်စနစ်ဖြင့် မြှင့်တင်ဆောင်ရွက်နေကြောင်း တရုတ်နိုင်ငံ ပြည်သူ့လုံခြုံရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကွီယန်ကျန်းက ပြောကြားသည်။




တရုတ်နိုင်ငံ၏ ပွင့်လင်းမြင်သာမှုအစီအစဉ်ကိုပံ့ပိုးရန် ပိုမိုကျယ်ပြန့်သော တွန်းအားပေးမှု၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် "လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းစီမံခန့်ခွဲရေးတွင် အဖွဲ့အစည်းဆိုင်ရာ ပွင့်လင်းမှု" အစီအမံများအား မြှင့်တင်ဆောင်ရွက်မည် ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါအစီအစဉ်အရ ခရီးသည်များအတွက် ပြည်ဝင်ခွင့်လုပ်ငန်းများဆောင်ရွက်ရာတွင် လွယ်ကူစေရေးအတွက် ခရီးသွားလာရေးဆိုင်ရာ အထောက်အထားများဖြစ်သည့် ပတ်စ်ပို့နှင့် နယ်စပ်ဖြတ်ကျော်သွားလာခွင့်များအား ဒီဂျစ်တယ်စနစ်ဖြင့် ဆောင်ရွက်ခြင်းကို မြှင့်တင်မည်ဟု ၎င်းကပြောကြားသည်။

ယခုအစီအစဉ်အရ လူဝင်မှုကြီးကြပ်ရေးနှင့်အကောက်ခွန်လုပ်ငန်းများအား ဒီဂျစ်တယ်စနစ်ဖြင့် မြှင့်တင်ဆောင်ရွက်မည်ဖြစ်ပြီး ပြည်ဝင်ခွင့်ဗီဇာနှင့် နေထိုင်ခွင့်ဆိုင်ရာမူဝါဒများအား ထပ်မံချိန်ညှိဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံအတွင်းရှိ လွတ်လပ်သည့် ကုန်သွယ်ရေးဇုန်များတွင် လုပ်ငန်းဆောင်ရွက်နေသည့် ပြည်ပလုပ်သားများ အတွက် ယခုအစီအမံက အကျိုးရှိစေမည်ဖြစ်သည်။ ယခုဆောင်ရွက်သည့် အစီအမံသည် တရုတ်အစိုးရက ပြီးခဲ့သည့် နှစ်များအတွင်းက ဆောင်ရွက်နေသည့် ပြည်ပခရီးသွားများအား ပြည်ဝင်ခွင့် ဗီဇာကင်းလွတ်ခွင့်ဖြင့်သွားလာသည့်စနစ်အား မြှင့်တင်ဆောင်ရွက်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် လက်ရှိတွင် နိုင်ငံပေါင်း ၅၀ မှ နိုင်ငံသားများအား ပြည်ဝင်ခွင့် ဗီဇာမလိုဘဲ ဝင်ရောက်ခွင့်ပြုထားသည်။ ၎င်းအပြင် နိုင်ငံ ၅၅ နိုင်ငံမှ ခရီးသွားများအား နာရီ ၂၄၀ ကြာ ခရီးတစ်ထောက်နားစနစ်ဖြင့် ဝင်ရောက်ခွင့်ပြုထားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# လျှပ်စစ်ဓာတ်အား သုံးစွဲသူပြည်သူများသို့ အသိပေးပန်ကြားခြင်း

နေပြည်တော်  ဇူလိုင် ၂၆

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် စွမ်းအင်အရင်းအမြစ်မျိုးစုံမှ ဓာတ်အားပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းနေသကဲ့သို့ ပြည်သူများ လျှပ်စစ်ဓာတ်အားကို စနစ်တကျသုံးစွဲလာစေရန် အသိပညာပေးခြင်း၊ တိုက်တွန်းနှိုးဆော်ခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ထို့အတူ နည်းပညာကြောင့် ဓာတ်အားပျောက်ဆုံးမှုနှင့် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှု(ဓာတ်အားခိုးယူသုံးစွဲမှု)များ လျော့နည်းပပျောက်သွားစေရေးအတွက်လည်း အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် နည်းပညာကြောင့်မဟုတ်သည့် ဓာတ်အားပျောက်ဆုံးမှုများ ပပျောက်စေရေးအတွက် မသမာသော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား တရားမဝင်သုံးစွဲမှုများကို အဖွဲ့များဖွဲ့စည်း၍ ဖော်ထုတ်အရေးယူလျက်ရှိပါသည်။

၃။ ထို့အပြင် Smart Meter စနစ်သို့ ကူးပြောင်းနိုင်ရေး တွန်းအားပေးဆောင်ရွက်နေသကဲ့သို့ ပြည်သူများအနေဖြင့် ကိုယ်တိုင်မီတာဖတ်ရှု၍ မီတာခပေးဆောင်နိုင်မည့်အပြင် Control Centre များမှ စောင့်ကြည့်စစ်ဆေးနိုင်သည့် Digital စနစ်တစ်ခု တည်ဆောက်ခြင်းကိုလည်း တစ်ပြိုင်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍လျှပ်စစ်ဓာတ်အား သုံးစွဲသူများအနေဖြင့် မသမာသော နည်းလမ်းများကိုအသုံးပြု၍ တရားမဝင်ဓာတ်အားရယူသုံးစွဲမှုများ ပြုလုပ်ထားပါက ၂၀၂၆ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး သက်ဆိုင်ရာဌာနများသို့ဆက်သွယ်အသိပေးကြပါရန်နှင့်ယင်းသို့အသိပေးလာပါက ဖြေလျှော့ပေးခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

အဆိုပါကာလကျော်လွန်ပြီးချိန်တွင် တရားမဝင်ဓာတ်အားသုံးစွဲမှုများကို Control Center များမှ စစ်ဆေးတွေ့ရှိပါက ပြဋ္ဌာန်းထားသည့် လျှပ်စစ်ဥပဒေများနှင့်အညီ ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊ မီတာအသုံးပြုခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် လုပ်ငန်းလိုင်စင်ပိတ်သိမ်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် အောက်ဖော်ပြပါ Call Center ဖုန်းနံပါတ်များသို့ ဆက်သွယ်သတင်းပို့ကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

**ဆက်သွယ်ရန်**

- ❖ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန (နေပြည်တော်) - ၀၆၇ - ၃၄၁၀၀၇၂
- ❖ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (YESC) - ၁၇၁၇
- ❖ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း (MESC) - ၁၆၁၆
  ၀၂-၄၀၃၉၃၃၀၊၀၂-၄၀၇၃၆၆၆၊ ၀၂-၄၀၇၂၆၁၈ (Hot Line)
- ❖ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များ - ၀၆၇-၃၄၁၀၄၀၇၊ ၀၉-၆၈၂၂၃၂၆၀၀၊ ၀၉-၆၆၅၄၃၂၅၇၅

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# ယခုနှစ် ခြောက်လကျော်ကာလအတွင်း YBS ယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၃၀ ကျော်နှင့် သေဆုံးသူ ၁၉ ဦးရှိ

ရန်ကုန်  ဇူလိုင် ၂၆

ယခုနှစ် ခြောက်လကျော်ကာလအတွင်း YBS ယာဉ်မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၃၀ ကျော်နှင့် သေဆုံးသူ ၁၉ဦးအထိရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ YRTC ၏ စာရင်းများအရ သိရသည်။

၂၀၂၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇူလိုင် ၁၀ရက်အထိ YBS ယာဉ်မတော်တဆမှုပေါင်း ၃၄ မှုရှိခဲ့ပြီး ထိုယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိသူ ၃၅ ဦးအထိရှိကာ သေဆုံးသူ ၁၉ ဦးရှိကြောင်း သိရသည်။

YBS ယာဉ်မတော်တဆမှုများနှင့်ပတ်သက်ပြီး လူသေဆုံးထိခိုက်မှုဖြစ်စေသည့် YBS ယာဉ်မောင်းများကို ရာသက်ပန်ထုတ်ပယ်သည့်အရေးယူမှုများပြုလုပ်ကြောင်း၊ ထို့ပြင် ထိခိုက်နစ်နာသူများအား YBS ယာဉ်မောင်းနှင့် သက်ဆိုင်ရာကုမ္ပဏီဘက်မှ နစ်နာကြေးပေးအပ်ခြင်းများ ပြုလုပ်ပေးလျက်ရှိကြောင်း YRTC တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်က ပြောသည်။

ထိုသို့ဖြစ်ပွားမှုလျော့ကျစေရန် National Road Safety Council (NRSC)အဖွဲ့ ဖွဲ့ကာ NRSC ဦးဆောင်မှုဖြင့် တိုင်းဒေသကြီး NRSC အဖွဲ့များ၊ သက်ဆိုင်ရာဌာနဆိုင်ရာအဖွဲ့အစည်းများအားလုံး ပူးပေါင်းဆောင်ရွက်ပြီး ယာဉ်မတော်တဆမှုမဖြစ်စေရေး လျော့နည်းစေရန် ဆောင်ရွက်လျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

ထို့အပြင် YBS ယာဉ်မတော်တဆမှု၊ သေဆုံးဒဏ်ရာရမှုများ ကျဆင်းရေး၊ ယာဉ်မောင်းများ စနစ်တကျဖြစ်စေရေးနှင့် မူးယစ်ဆေးဝါးသုံးစွဲ၍ မောင်းနှင်နေခြင်းများမရှိစေရေး စစ်ဆေးခြင်းများကို YRTC အနေဖြင့် ပြုလုပ်လျက်ရှိပြီး စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းများအား YRTC ၏ ပြစ်မှုပြစ်ဒဏ် ၁၃၈ ချက်ပါအတိုင်း ပြစ်ဒဏ်၊ ငွေဒဏ်ချမှတ်လျက်ရှိကာ သုံးကြိမ်အထက် စည်းကမ်းဖောက်ဖျက်သည့်ယာဉ်မောင်းများအား ရာသက်ပန်ထုတ်ပယ်ခြင်း၊ ယာဉ်မောင်း Smart Card ဖျက်သိမ်းခြင်း၊ ကညနယာဉ်မောင်းလိုင်စင်အား အချိန်ကာလတစ်ခုသတ်မှတ်၍ ပိတ်သိမ်းအရေးယူခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း YRTC မှ သိရသည်။

**MT**

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင်အဆောက်အအုံအားလုံး စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်

နေပြည်တော်  ဇူလိုင် ၂၆

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအား အပြီးတိုင် ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ် နယ်မြေအတွင်းရှိ တရားမဝင် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို ထပ်မံ၍ စနစ်တကျ ဖောက်ခွဲဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင်အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှု။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲ၍ဖျက်ဆီးမည့် အဆောက်အအုံအလုံး ၂၀ ဟူ၍ အဆောက်အအုံအမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိရာ ယနေ့တွင် ဖောက်ခွဲ၍ဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ အလုံး ၂၀ အနက် နောက်ဆုံးကျန်ရှိသည့် ၁၇ ထပ် အဆောက်အအုံ တစ်လုံးကို စနစ်တကျ ထပ်မံဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ရာနှုန်းပြည့် ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစား လုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် အဆောက်အအုံ ၇၇ လုံးအား ၂၀၂၆ ခုနှစ် မေ ၂၅ ရက်မှစ၍ ယာဉ်ယန္တရားများအသုံးပြု၍ လည်းကောင်း၊ ဖောက်ခွဲ၍လည်းကောင်း ဖြိုချဖျက်ဆီးခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့်ဖြိုချဖျက်ဆီးနိုင်ခဲ့သည်။



ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် ၁၇ ထပ် အဆောက်အအုံများအား ဖြိုဖျက်ပြီး တွေ့ရစဉ်။

နိုင်ငံတော် အစိုးရအနေဖြင့် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# သန်လျင်မြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန်  ဇူလိုင် ၂၆

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တာဝန်ရှိသူများသည် ဇူလိုင် ၂၄ ရက်က သန်လျင်မြို့နယ် စိကုန်းကျေးရွာတွင် ကျေးလက်ဒေသ အခြေခံအိမ်ထောင်စုများ၏ အသက်မွေးဝမ်းကျောင်းမြှင့်တင်ရေး စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၂၁၀ ဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်သည့် ပထမစက်ဝန်း၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခဲ့သည့် ပထမစက်ဝန်း အသင်းသား အသင်းသူအိမ်ထောင်စု ၂၈ စု၊ ဒုတိယစက်ဝန်းအိမ်ထောင်စု ၂၃ စု၊ တတိယစက်ဝန်းဆောင်ရွက်မည့် အိမ်ထောင်စု ၁၈ စု တို့အား တွေ့ဆုံ၍ စီမံကိန်းဆောင်ရွက်နေမှု၊ အသင်းသား အသင်းသူ အိမ်ထောင်စုများမှ ဆောင်ရွက်လျက်ရှိသော စနစ်ကျသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ကိုင်နေမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ရေရှည်ဆောင်ရွက်နိုင်ရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

■

# တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အသင်းခြောက်သင်းအား ဆုများပေးအပ်ချီးမြှင့်သွားမည်

ရန်ကုန် ဇူလိုင် ၂၆




မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်(MESF) နှင့် PUBG Mobile တို့ ပူးပေါင်းကျင်းပသည့် တက္ကသိုလ်ပေါင်းစုံ Varsity Esports Championship–2026 Esports ပြိုင်ပွဲကို ယနေ့တွင် ရန်ကုန်တက္ကသိုလ် RC ခန်းမ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ်ကိုယ်စားပြု အောင်မြင်မှုရရှိခဲ့ကြသည့် အသင်းခြောက်သင်းအား ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နေ့က ပြိုင်ပွဲအမျိုးအစားနှစ်မျိုးဖြစ်သည့် PUBG Mobile နှင့် Mobile Legend ပြိုင်ပွဲတို့ကို အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ကြရာ တက္ကသိုလ်ကျောင်းသားကျောင်းသူနှင့် လူငယ်ပရိသတ် ၁၀၀၀ ကျော် ကြည့်ရှုအားပေးကြသည်။

ယနေ့နံနက်ပိုင်း Mobile Legend ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်ကျန်ရှိသည့် အသင်းများ ဆက်လက်ယှဉ်ပြိုင်ရာ ချန်ပီယံအဖြစ် KMD College အသင်း၊ First Winner အဖြစ် YTV (ရန်ကုန်) အသင်းနှင့် Second Winner အဖြစ် DGU(Dagon University) အသင်းတို့က ဆွတ်ခူးရရှိသည်။

ညနေ ၆ နာရီခွဲတွင် PUBG Mobile ပြိုင်ပွဲကို ဆက်လက်ယှဉ်ပြိုင်ရာ UIT(ရန်ကုန်) အသင်း၊ MMMC(ရန်ကုန်)အသင်း၊ KMD College၊ MIC(ရန်ကုန်)အသင်း၊ MIC(ရန်ကုန်)နှင့် TUMA (မိတ္ထီလာကောလိပ်)တို့ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့ပြီး ပြိုင်ပွဲဝင်အသင်းသုံးသင်းမှ Champion၊ First Winner နှင့် Second Winner ဆုတို့ကို ဆွတ်ခူးရရှိကြသည်။

"တက္ကသိုလ်ကိုယ်စားပြု အနေနဲ့ အောင်မြင်မှုရရှိခဲ့ကြတဲ့အသင်းခြောက်သင်းအတွက် ဂုဏ်ယူပါတယ်။ အောင်မြင်ခဲ့တဲ့အသင်းတွေဟာ လက်ရှိပရော်ဖက်ရှင်နယ်အသင်းနဲ့ ယှဉ်ပြိုင်ပြီး အောင်မြင်တဲ့အသင်းဟာ နိုင်ငံကိုယ်စားပြုအသင်းအနေနဲ့ ပြည်ပမှာ သွားရောက်ယှဉ်ပြိုင်ခွင့် ရမှာပါ။ အဖွဲ့ချုပ်အောင်မြင်မှု ရရှိအောင် တစိုက်မတ်မတ် ကြိုးစားခဲ့တာ ယခုဆိုရင် ပရော်ဖက်ရှင်နယ်ပွဲ တင်မဟုတ်ဘဲ ကျောင်းသားပွဲတွေကို ကျင်းပနိုင်ခဲ့ပါပြီ။ ပြင်ပ ပရော်ဖက်ရှင်နယ်တွေလို တော်ကြတဲ့ တက္ကသိုလ်ကျောင်းသားမျိုးဆက်သစ်တွေကို မွေးထုတ်ပေးနိုင်ခဲ့ပြီး သူတို့အတွက်လည်း အခွင့်အလမ်းများစွာ စောင့်ကြိုနေပါတယ်"ဟု မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်ထက်လင်းက ပြောသည်။

တက္ကသိုလ်ပေါင်းစုံ Varsity Esports Championship–2026 Esports ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့ကြသည့် တက္ကသိုလ်ကိုယ်စားပြု အသင်းခြောက်သင်းအား မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်က ဆုများကို ယခုရက်ပိုင်းအတွင်း ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး Season – 2 တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲကြီးကိုလည်း ဒီဇင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

❁ ကျောဖုံးမှ

ယင်းပြိုင်ပွဲမှာ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းအတွက် ယခုနှစ်အတွင်းယှဉ်ပြိုင်ရမည့် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲဖြစ်ပြီး ဇွန်လတွင် ရန်ကုန်မြို့၌ သုံးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အာရှအားကစားပြိုင်ပွဲတွင် ဒုတိယအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ပြီး ၂၀၂၂ ပြိုင်ပွဲတွင် ပထမအကြိမ်ယှဉ်ပြိုင်ရာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဂျပန်နိုင်ငံသား မစ်ဆုအိုကာတိုက ကိုင်တွယ်နေပြီး ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဂျပန်အသင်းအပါအဝင် အသင်းစုစုပေါင်း ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း သုံးအုပ်စုခွဲ ပြုလုပ်မည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဂျပန်နိုင်ငံရှိ ကွင်းငါးကွင်း၌ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (A) တွင် အိမ်ရှင်ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ ထိုင်း၊ အုပ်စု (B) တွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အုပ်စု (C) တွင် တရုတ်၊ ဖိလစ်ပိုင်၊ ဥဇဘက်ကစ္စတန်၊ ဟောင်ကောင်အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်းရှစ်သင်း ကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၄ ရက်တွင် တောင်ကိုရီးယားအသင်း၊ စက်တင်ဘာ ၁၇ ရက်တွင် မြောက်ကိုရီးယားအသင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ဘင်္ဂလားဒေ့ရှ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **သတင်း–ညီမြတ်သော်တာ၊ ဓာတ်ပုံ–စိုးညွန့်သော်**

❄ **အာရှအားကစားပြိုင်ပွဲမှ**

မြန်မာတက်ဂ်ဘောအသင်းသည် အာရှအားကစားပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဇူလိုင် ၅ ရက်မှ ၁၈ ရက်အထိ ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ရက်သတ္တနှစ်ပတ်ကြာပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ယင်းပူးတွဲလေ့ကျင့်မှုကာလအတွင်း တက်ဂ်ဘောအားကစားနှင့်ပတ်သက်ပြီး နည်းဗျူဟာနှင့် စွမ်းဆောင်ရည်ပိုင်းများကို အဓိကထားလေ့ကျင့်ပြင်ဆင်ခဲ့သလို နိုင်ငံတကာအတွေ့အကြုံရှိသော ချင်းမိုင်အခြေစိုက် ထိုင်းကစားသမားများနှင့်လည်း ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ ပူးတွဲလေ့ကျင့်မှုပြုလုပ်ခဲ့သည့် မြန်မာတက်ဂ်ဘောအသင်းတွင် အဖွဲ့ခေါင်းဆောင် ဦးစိုးမိုးကျော် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ တက်ဂ်ဘောအဖွဲ့ချုပ်)၊ အုပ်ချုပ်သူအဖြစ် ဦးစိုင်းအောင်ဟိန်း၊ နည်းပြချုပ်အဖြစ် Mrs. Meam (ထိုင်း)၊ လက်ထောက်နည်းပြအဖြစ် ဦးကျော်ဇင်ဦး၊ ကစားသမားများအဖြစ် အမျိုးသား–စောဖရိုင်းဒေး၊ ခိုင်မြဲမင်း၊ အောင်ကျော်ကျော်၊ နိုဝင်ဘာကိုကို၊ အမျိုးသမီး–ဆုမွန်အောင်၊ ခင်နှင်းဝေနှင့် ဖြူဖြူသန်းတို့ ပါဝင်ခဲ့ပြီး လက်ရှိတွင် ရန်ကုန်မြို့၌ လေ့ကျင့်ကာ အပြီးသတ်ပြင်ဆင်လျက်ရှိသည်။

MTF အနေဖြင့် လာမည့်အာရှအားကစားပြိုင်ပွဲအတွက် ရည်ရွယ်၍ ယခုထိုင်းလေ့ကျင့်ရေးခရီးစဉ်အပြီး ဩဂုတ်လတွင် ကမ္ဘာ့တက်ဂ်ဘောအဖွဲ့ချုပ်(FITEQ) ကကြီးမှူး၍ တရုတ်နိုင်ငံ၌ကျင်းပမည့် FITEQ Demonstration Tournament 2026 ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ **သတင်း – မောင်စံကြီး၊ ဓာတ်ပုံ – ABG**

# အောင်လံမြို့၌ ၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ကျင်းပ

အောင်လံ ဇူလိုင် ၂၆



မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်အားကစားကွင်း၌ ၂၀၂၆ ခုနှစ် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလားအလွတ်တန်း အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ယမန်နေ့မွန်းလွဲ ၃ နာရီတွင် ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် အောင်လံမြို့နယ် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးလှရွှေက အမှာစကားပြောကြား၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးပြီး စစ်ကြောင်းမှူး ဦးဆောင်၍ အားကစားသစ္စာအဓိဋ္ဌာန်ရွတ်ဆိုကြသည်။

ဆက်လက်၍ အထက (ရွာထောင်) မှ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များ၏ တီးမှုတ်ကပြဖျော်ဖြေမှု၊ မြန်မာ့သိုင်းအားကစား ကပြဖျော်ဖြေမှုနှင့် ဗိုဗီနမ်အားကစား ဖျော်ဖြေမှုများကို ဆောင်ရွက်ခဲ့ကြသည်။

အခမ်းအနား အပြီးတွင် အောင်လံမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌက ဖျော်ဖြေ တင်ဆက်ကြသည့် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် မြန်မာ့သိုင်းအဖွဲ့တို့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၆ သင်း ယှဉ်ပြိုင်ကြမည်ဖြစ်ကာ စက်တင်ဘာ ၁ ရက်အထိ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ဖွင့်ပွဲနေ့တွင် တရော်ကုန်းအသင်းနှင့် ဇေယျဝတီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

▲ **ထိုင်းခြေစမ်းခရီးစဉ်မှ**

ရန်ကုန်စီးတီးအသင်းသည် ရာသီကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ တစ်လကြာ လေ့ကျင့်လျက်ရှိပြီး ခြေစမ်းပွဲကိုးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရန်ကုန်စီးတီးအသင်းသည် နောက်ထပ် ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၂၉ ရက်တွင် ထိုင်းလိဂ်–၁ ကလပ် ရရောင်းအသင်း၊ ဇူလိုင် ၃၁ ရက်တွင် ထိုင်းလိဂ်–၃ ကလပ် ဘူရာဖာအသင်း၊ ဩဂုတ် ၂ ရက်တွင် ထိုင်းလိဂ်–၃ ကလပ်ဟွာဟင်းအသင်း၊ ဩဂုတ် ၆ ရက်တွင် ဟောင်ကောင် ထိပ်သီးကလပ် ကစ်ချီအသင်း၊ ဩဂုတ် ၉ ရက်တွင် ထိုင်းလိဂ်–၁ ကလပ် ဘန်ကောက်ယူနိုက်တက်အသင်း၊ ဩဂုတ် ၁၂ ရက်တွင် ထိုင်းလိဂ်–၃ ကလပ် မြောင်နော့သ်အသင်း၊ ဩဂုတ် ၁၅ ရက်တွင် ထိုင်းလိဂ်–၂ ကလပ် မြောင်တောင်ယူနိုက်တက်အသင်းနှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း–ချစ်ကိုကို**

**ဓာတ်ပုံ –YCFC**

■

# ပခုက္ကူပညာရေးဒီဂရီကောလိပ်၌ မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ



ပခုက္ကူ ဇူလိုင် ၂၆

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ပခုက္ကူပညာရေးဒီဂရီကောလိပ် ၂၀၂၅–၂၀၂၆ ပညာသင်နှစ် မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ဇူလိုင် ၂၃ ရက် ညနေပိုင်းတွင် ကျင်းပသည်။

ဦးစွာ မိုးရာသီဘောလုံးအားကစားပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် အနော်ရထာအသင်းနှင့် အလောင်းဘုရားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အနော်ရထာအသင်းက ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိသည်။

မိုးရာသီအားကစားပြိုင်ပွဲအဖြစ် ဘော်လီဘော (ကျား/မ)၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်နှင့် ဘောလုံးအားကစားပြိုင်ပွဲများကို ဇွန် ၂၉ ရက်မှ ဇူလိုင်၂၃ ရက်အထိ ကျင်းပခဲ့ပြီး ပြိုင်ပွဲများအလိုက် ဆုရရှိသူများအား ကျောင်းအုပ်ကြီး ဒေါ်မြင့်မြင့်သန်းနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



# မိုးညိုမြို့နယ်၌ ရေကင်းဇုန်နယ် အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

မိုးညို ဇူလိုင် ၂၆

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ (၁၀)ကြိမ်မြောက် ရေကင်းဇုန်နယ် အလွတ်တန်းဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီတွင် ရေကင်းအုပ်စု အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဦးအောင်ကျော်ဦးနှင့် ဦးခင်မောင်ဝင်းတို့က ပြိုင်ပွဲကျင်းပရခြင်းနှင့် စည်းကမ်းချက်များ၊ စခန်းမှူး ရဲအုပ်ကျော်သူဝင်းက လုံခြုံရေးဆိုင်ရာများနှင့် ဒေါက်တာ ငြိမ်းချမ်းပြည့်ဖြိုးက ကျန်းမာရေးဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် သံပုရာခုံအသင်းနှင့် ဆံကုန်းအသင်းတို့ ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင် ၂၆ ရက်မှ စက်တင်ဘာ ၄ ရက်ထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ကိုမင်း(ပြန်/ဆက်)**

# ဉာဏ်ရည်တုလှိုင်းများ (၁၄)




## ❁ နီဇော်သစ် ❁

ပြီးခဲ့သည့်အပတ်က ကန့်သတ်ထိန်းချုပ်မှု အကြောင်းပြောခဲ့သည်။ ကန့်သတ်ထိန်းချုပ်မှုသည် အေအိုင်နည်းပညာကို ရပ်တန့်နိုင်စွမ်းကိုမဆိုလို။ နည်းပညာတစ်ရပ်၏ ရိုက်ခတ်ပျံ့နှံ့မှုကို တားဖို့လည်းမဖြစ်နိုင်။ ထို့ကြောင့် လှိုင်းဟုဥပမာထားပြီး သုံးနှုန်းကြခြင်းဖြစ်သည်။ သို့သော် အကျိုးဆက်များကိုမူ ထိန်းကျောင်းနိုင်သည်။ အကျိုးဆက်များ ကန့်သတ်ထိန်းချုပ်မှုမှာ အစိုးရ၊ ကော်ပိုရိတ်ကြီးများ၊ အဖွဲ့အစည်းများမှသည် တစ်ဦးတစ်ယောက်ချင်းစီအထိ အလွှာအမျိုးမျိုးရှိနိုင်သည်။ အပေါ်ပိုင်းအလွှာများကို ကျွန်တော်တို့ ချဉ်းကပ်ဖို့မဖြစ်နိုင်ပါ။ ကျွန်တော်တို့ အဓိကအာရုံစိုက်ရမည်မှာ တစ်ဦးတစ်ယောက်ချင်းစီပေါ်သို့ လွှမ်းခြုံလာမည့် ဉာဏ်ရည်တုလှိုင်းအောက်တွင် နစ်မသွားဘဲ ပေါ်နေအောင် ဘယ်လိုလုပ်မလဲ၊ တစ်နည်းအားဖြင့် ဉာဏ်ရည်တုလှိုင်းကို ဘယ်လိုစီးမလဲဆိုသည့် မေးခွန်းဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ဉာဏ်ရည်တုနည်းပညာသည် တစ်ဦးတစ်ယောက်ချင်းစီထံသို့ ပါဝါပြန်လည်ဖြန့်ဝေမှု အားကောင်းသည့်အကြောင်း ရှေ့တွင် ဆွေးနွေးခဲ့ပြီးဖြစ်သည်။ ဥပမာ လွန်ခဲ့သည့် ၁၀ နှစ်လောက်က လူ ၁၀ ယောက်လောက်နှင့် ငွေရင်းအတိုင်းအတာတစ်ခုလိုအပ်သော အွန်လိုင်းဝန်ဆောင်မှု အက်ပ်လို လုပ်ငန်းတစ်ခုကို ယခုအချိန်တွင် အေအိုင်အမျိုးမျိုး၏ အထောက်အပံ့ကိုယူပြီး တစ်ယောက်တည်း စတင်တည်ထောင်နိုင်သည်။ ထိုအချက်မှာ စိတ်ကူးယဉ်မဟုတ်၊ လက်တွေ့ဖြစ်သည်။ ယင်းမှာ နည်းပညာလုပ်ငန်းဖြစ်နေ၍ ရခြင်းမဟုတ်ပါ။ အေအိုင်နည်းပညာသည် လုပ်ငန်းနယ်ပယ်အမျိုးမျိုးသို့ စိမ့်ဝင်ပျံ့နှံ့နိုင်ပါသည်။ တစ်ခုရှိသည်မှာ သင်္ချာလိုပြောရလျှင် ဉာဏ်ရည်တုသည် ကိုယ့်ဉာဏ်ရည်ထဲသို့ လာပေါင်းသည့်အရာမဟုတ်။ လာမြှောက်သည့်အရာဖြစ်သည်။ တစ်နည်းအားဖြင့် အေအိုင်သည် မြှောက်ဖော်ကိန်းဖြစ်သည်။ ဆိုလိုသည်မှာ ကိုယ့်အသိဉာဏ်ပညာက သုညဖြစ်နေလျှင် ဘာမှလုပ်မရသလို အေအိုင် သုညဖြစ်နေလျှင် ဘာမှလုပ်မရသည့် အချိန်တစ်ခုသို့ ရောက်လာလိမ့်မည်။

ကျွန်တော်တို့လို တတိယလှိုင်းနိုင်ငံတစ်ခုမှ သာမန်ပြည်သူတစ်ယောက်အနေဖြင့် ထိုအချက်မှာ အလွန်အလေးထားဖို့လိုသည်။ အကြောင်းမှာ ကျွန်တော်တို့ထံတွင် ကျွန်တော်တို့ကို အေအိုင်နည်းပညာ၏ ဆိုးကျိုးများမှ အကာအကွယ်ပေးဖို့ ဆန္ဒရှိသည့်တိုင် လုပ်နိုင်စွမ်းရှိသည့် အဖွဲ့အစည်းများ ပိုင်ဆိုင်မထားပါ။ တိုင်းပြည်အနေဖြင့်လည်း အချုပ်အခြာအာဏာပိုင် အေအိုင်မရှိသေးပါ (အချုပ်အခြာအာဏာပိုင် အေအိုင်အကြောင်း သီးသန့်ဆွေးနွေးပါမည်)။ ထို့ကြောင့် အေအိုင်လှိုင်းကိုစီးဖို့ ကိုယ့်အားကိုယ်ကိုးသည့် နည်းလမ်းမှအပ အခြားမရှိပါ။ ကိုယ့်ကိုယ်ကိုယ် အားကိုးနိုင်ဖို့ဆိုလျှင် ပညာက အဓိကနေရာမှ ပါဝင်လာသည်။ ဤနေရာတွင် ကျောင်းသင်ရိုးများကိုသွားပြီး အပြစ်ပြောနေ၍ မရပါ။ အင်တာနက်ပေါ်တွင် ကိုယ်သင်ချင်သမျှ အရာအားလုံးရှိနေပါသည်။ အမှန်တကယ်ရှိပါသည်။ သင်ယူချင်စိတ်ရှိဖို့နှင့် အမှန်တကယ် သင်ယူဖို့သာ လိုအပ်ပါသည်။

ဘဝတစ်သက်တာ သင်ယူမှုဆိုသည်မှာ ကျွန်တော်တို့ ဆယ်တန်းကျောင်းသားဘဝလောက်ကတည်းက ခေတ်စားခဲ့သည့်စကားလုံးဖြစ်သည်။ ထိုစဉ်က နားလည်ခဲ့သည်ဟု ထင်သော်လည်း ယခုအချိန်တွင်မှ တကယ်နားလည်လာသည်။ နောက်နှစ်အနည်းငယ်အကြာတွင် ယခုနားလည်နေသည်မှာ မဟုတ်သေးကြောင်း ထပ်ပြီး သဘောပေါက်ချင်လည်း ပေါက်သွားနိုင်ပါသည်။ အရေးကြီးသည်မှာ အဆက်မပြတ် သင်ယူနေဖို့ပင်။ ယနေ့ခေတ်၏ အဆက်မပြတ် သင်ယူသည့်ပုံစံမှာ ဘာသာရပ်တစ်ခုကို အစအဆုံး လေ့လာနေခြင်းမျိုးမဟုတ်ပါ။ ထိုအချက်က အရေးကြီးပါသည်။ ကိုယ်ဘာလုပ်ချင်တာလဲဆိုသည်ကို အရင်ဆုံးဖြတ်ရသည်။ ပြီးမှ လိုအပ်သည့် ဘာသာရပ်ထဲမှ လိုအပ်သလောက်သာ သင်ယူနိုင်သည်။ ထို့ကြောင့် တစ်ခုခုလုပ်ရင်း သင်ယူခြင်းက အကောင်းဆုံးလမ်းကြောင်းတစ်ခုဟု ဆိုနိုင်သည်။

ကျွန်တော်တို့လို တတိယလှိုင်းနိုင်ငံတစ်ခုတွင် လက်ရှိကြုံနေရသည့် ပတ်ဝန်းကျင်အနေအထားအရ အေအိုင်သုံးပြီး စာရေးနိုင်သည်။ ပတ်ဝန်းကျင်တွင် လိုအပ်သည်ဟုထင်ရသည့် အက်ပ်တစ်ခုရေးနိုင်သည်။ ဗီဒီယိုများ ဖန်တီးနိုင်သည်။ ငွေရင်းမများသော ဒီဂျစ်တယ်စီးပွားရေးတစ်ခုခု လုပ်နိုင်သည်။ ဒီဂျစ်တယ်ထုတ်ကုန်တစ်ခုခု ဖန်တီးနိုင်သည်။ ထိုအရာများအားလုံးကို အရင်က တစ်ဦးတစ်ယောက်တည်းလုပ်ဖို့မဖြစ်နိုင်။ သို့သော် အေအိုင်လှိုင်းထဲတွင် ဖြစ်နိုင်သည်။ ထပ်ပြောပါမည်။ လေ့လာသင်ယူချင်စိတ်ရှိဖို့နှင့် အမှန်တကယ် လေ့လာသင်ယူဖို့သာ လိုအပ်သည်။ မအောင်မြင်လည်း ကိစ္စမရှိပါ။ ငွေရင်းမရှိသလောက်နည်းသဖြင့် အဆင်ပြေလောက်ပါသည်။ ပေးလိုက်ရသည့်အချိန်အတွက် ရလာသည့် အတွေ့အကြုံများက ကာမိပါသည်။ ထို့ကြောင့် တစ်ခုခုတည်ဆောက်ခြင်းက အေအိုင်လှိုင်းကိုစီးဖို့ နည်းလမ်းများထဲမှ တစ်ခုဟုဆိုချင်ပါသည်။

**သတင်းနည်းပညာကိုသုံး၍ အချက်အလက်များ စုဆောင်းသန့်စင်စီမံပြီး ဘာလုပ်ရမလဲဆိုသည့် အမြင်တစ်ခုရလာချိန်တွင် အေအိုင်နည်းပညာကို သုံး၍ တစ်စုံတစ်ရာကို ကိုယ်တိုင်တည်ဆောက်ယူခြင်းမှာ အေအိုင်ခေတ်၏ သင်ယူရေးလမ်းညွှန်ဖြစ်ပါလိမ့်မည်။** ဆိုလိုသည်မှာ အေအိုင်ကိုအသုံးချခြင်းမှာ prompt ရေးခြင်းသက်သက်မဟုတ်ပါ။ အေအိုင်ကို အသုံးချခြင်းသည် လမ်းဆုံးမဟုတ်ပါ။ အေအိုင်ကိုအသုံးချပြီး ကိုယ်ပိုင် ရရန်ပိုင်ခွင့်(Asset) တစ်ခု တည်ဆောက်ခြင်းကမှ ကိုယ်ပိုင်လမ်းကြောင်းဖြစ်ပါသည်။ ထိုသို့လုပ်ခြင်းကြောင့် အေအိုင်လှိုင်းကြီး၏ လွှမ်းမိုးမှုအောက်မှ လွတ်ပြီဟုလည်း မဆိုလိုပါ။ ပလက်ဖောင်းတို့ကို ချုပ်ကိုင်ထားသော အစိုးရအဖွဲ့များ သို့မဟုတ် ကော်ပိုရိတ်ကြီးများ၏ လွှမ်းမိုးမှုအောက်မှ လွတ်စရာအကြောင်းမရှိပါ။ သို့သော် မြန်သည်ထက်မြန်လာသည့် အပြောင်းအလဲများကြားထဲတွင် ကြိတ်ခြေဝါးမျိုခြင်းမခံရဘဲ ခြေကုပ်တစ်ခုရအောင် ကိုယ့်တည်ဆောက်မှုက ကျားကန်ပေးထားနိုင်ပါသည်။ ထို့ပြင် တစ်စုံတစ်ရာကို စဉ်ဆက်မပြတ် တည်ဆောက်နေခြင်းဖြင့် လှိုင်းကို ဆက်စီးနေဖို့လည်း လိုပါမည်။

လူတော်တော်များများလည်း အေအိုင်လှိုင်းကို လိုက်စီးကြမည်ဖြစ်၍ အေအိုင်က ပြောသည့်အတိုင်း လိုက်လုပ်နေလျှင် ထူးမခြားနားသည့် အရာများ ထွက်လာမည့်ကိစ္စ ရှိနေပါသေးသည်။ ဤနေရာတွင် အေအိုင်က မလုပ်နိုင်သည်များကို ကိုယ်က ထည့်သွင်းနိုင်ရပါမည်။ ဥပမာ ကရုဏာတရား၊ ယုံကြည်မှု၊ ခေါင်းဆောင်မှု၊ ကိုယ်ကျင့်တရား၊ တာဝန်ယူမှု တာဝန်ခံမှု အစရှိသည်တို့ဖြစ်သည်။ ထိုအရာတို့ ထည့်သွင်းလိုက်မှသာလျှင် ကိုယ်တည်ဆောက်ထားသောအရာသည် ကိုယ်ပိုင်ဝိသေသလက္ခဏာတစ်ရပ်ကို ဖော်ဆောင်သော ရရန်ပိုင်ခွင့်တစ်ခု ဖြစ်လာပါလိမ့်မည်။

စက်မှုတော်လှန်ရေးခေတ်တွင် စက်ကို မသုံးတတ်သူတို့ ကျရှုံးပြီး စက်ကို သုံးတတ်သူတို့ ရှင်သန်ခဲ့သည်။ အင်တာနက်ခေတ်တွင် အင်တာနက်ကို မသုံးတတ်သူတို့ ကျရှုံးပြီး သုံးတတ်သူတို့ ရှင်သန်ကြသည်။ ယခု အေအိုင်ခေတ်တွင်လည်း အလားတူပင်။ အေအိုင်လှိုင်းကို စီးနိုင်ခြင်းသည် အေအိုင်ခေတ်တွင် ရှင်သန်ဖို့ဖြစ်သည်။ "ငါနေတဲ့နေရာမှာ လုပ်လို့မရနိုင်ဘူး"ဟု မငြင်းပါနှင့်။ စမတ်ဖုန်းတစ်လုံးနှင့် ဝိုင်ဖိုင် သို့မဟုတ် ဒေတာလိုင်းတစ်လိုင်းရှိလျှင် လုပ်လို့ရပါသည်။ ထိုသို့လုပ်ခြင်းသည် အေအိုင်က ကိုယ့်ထံသို့ပေးလာသော ပါဝါပြန်လည်ဖြန့်ဝေမှုကို အရအမိဆုပ်ကိုင်ခြင်းဖြစ်သည်။ အေအိုင်သည် ဉာဏ်ရည်တု (Artificial Intelligence)ဖြစ်သည်။ ကျွန်တော်တို့ မြန်မာစကားတွင် အသိဉာဏ်ပညာဟု တွဲသုံးသည်။ Intelligence သည် အသိဉာဏ်ဖြစ်သည်။ ပညာ wisdom မဟုတ်။ ထို့ကြောင့် ကိုယ်ပိုင်အသိဉာဏ်နှင့် အေအိုင်က ပေးလာသောဉာဏ်ရည်တု မြှောက်ဖော်ကိန်းကို တွဲဖက်ပြီး ပညာဖြင့် အသုံးချခြင်းသည် အေအိုင်လှိုင်းကိုစီးနိုင်မည့် နည်းလမ်းများထဲမှတစ်ခုဟု ဆိုချင်ပါသည်။

# အေအိုင်မိုဒယ်များသည် ဦးနှောက်လို တွေးနေခြင်းမဟုတ်

အေအိုင်တို့သည် တစ်ခါတစ်ရံတွင် အရာဝတ္ထုများ ခွဲခြားသိမြင်ခြင်းနှင့် ပတ်သက်၍ အမြင်ဆိုင်ရာ ကြိုတင်ဟောကိန်းထုတ်ခြင်းကို လူသားတို့လို လုပ်ဆောင်နိုင်ကြသည်။ ထိုသို့ လုပ်ဆောင်ရာတွင် ဦးနှောက်က တွေးသလို တွေးခြင်းဖြစ်မည်ဟု ထင်ခဲ့ကြသည်။ သို့သော် ယခုလေ့လာမှုအသစ်အရ အေအိုင်မိုဒယ်တို့သည် ပရိုင်းမိတ်တို့၏ ဦးနှောက်တွေးသလိုမျိုး တွေးကြခြင်းမဟုတ်ဟု တွေ့လာရသည်။

ယေ့ခ်တက္ကသိုလ်မှ သုတေသီများက စက်အမြင်နှင့် ဇီဝအမြင်တို့ကို နှိုင်းယှဉ်လေ့လာနိုင်ရန် ပြောင်းပြန်ဟောကိန်းထုတ်သည့်နည်းကို သုံးခဲ့ရာမှာ ထိုအချက်ကို တွေ့ရှိလာရခြင်းဖြစ်သည်။ ပြောင်းပြန်ဟောကိန်းထုတ်ခြင်းဆိုသည်မှာ အေအိုင်သည် ဦးနှောက်လို အလုပ်လုပ်လျှင် အပြန်အလှန်အားဖြင့် ဦးနှောက်ထဲမှ နျူရွန်တို့သည် အေအိုင်ကသုံးထားသည့် နျူရွန်အတုတို့ ဘယ်လိုအလုပ်လုပ်သလဲဆိုသည်ကို ခန့်မှန်းနိုင်ရမည်ဟု ဆိုလိုသည်။

စမ်းသပ်သည့်ပုံစံမှာ ပရိုင်းမိတ်ဦးနှောက်ရှိသော မျောက်တစ်ကောင်ကို ပုံတစ်ပုံပြမည်။ ဦးနှောက်ကို အီလက်ထရုတ်များဖြင့် ချိတ်ဆက်ထားပြီး ဘယ် နျူရွန်များ အလုပ်လုပ်လဲဆိုသည်ကို မှတ်တမ်းတင်မည်။ ထိုပုံကိုပင် အေအိုင်ကိုပြမည်။ အေအိုင်ထဲမှ နျူရွန်အတုများ အလုပ်လုပ်သည့်ပုံစံကို မှတ်တမ်းတင်မည်။ ထိုအတိုင်း အကြိမ်ထောင်နှင့်ချီလုပ်မည်။ ထို့နောက် စက်သင်ယူမှု မိုဒယ်တစ်ခု ဆောက်သည်။ အဆိုပါမိုဒယ်မှာ အေအိုင်ထဲမှ နျူရွန်တို့၏အဆင်အကွက်ပုံစံများကို နက်နက်နဲနဲလေ့လာပြီး ဦးနှောက်က ထုတ်ပေးမည့် နျူရွန်တို့ကို ခန့်မှန်းနိုင်မလားစမ်းသည်။ အဖြေမှန်ရသည်။



ထို့ကြောင့် အေအိုင်သည် ဦးနှောက်လိုမျိုးပင် အလုပ်လုပ်နေသည်ဟု ယူဆထားခဲ့ကြသည်။

ယင်းမှာ အစောပိုင်းက လေ့လာမှုပုံစံဖြစ်သည်။ ယခုလေ့လာမှုမှာ ဦးနှောက်ထဲမှ နျူရွန်တို့၏ လှုပ်ရှားမှုအဆင်အကွက်များကို လေ့လာသင်ယူပြီး အေအိုင်ဘက်၌ဖြစ်လာမည့် နျူရွန်အတုတို့၏ အဆင်အကွက်များကို ခန့်မှန်းနိုင်ဖို့ စက်သင်ယူမှုမိုဒယ်တစ်ခု တည်ဆောက်ပြီး လေ့လာခြင်းဖြစ်သည်။ ယင်းကိုပင် ပြောင်းပြန်ဟောကိန်းထုတ်မှုဟု ခေါ်သည်။ ထိုသို့လုပ်ရာတွင် မိုဒယ်သည် နျူရွန်အတုတို့၏ အဆင်အကွက်ကို ခန့်မှန်းနိုင်ခြင်းမရှိခဲ့ပေ။ ထို့ကြောင့် လက်ရှိ အေအိုင်မိုဒယ်များသည် ဦးနှောက်တွေးသလို တွေးနေခြင်းမဟုတ်ဆိုသည့် အဖြေထွက်လာသည်။ ဦးနှောက်ကမသုံးသော အခြားနည်းလမ်းတစ်ခုဖြင့် ဦးနှောက်နှင့်တူအောင် လိုက်လုပ်နေခြင်းဖြစ်သည်ဟု အဓိပ္ပာယ်ရသည်။

ထိုအချက်က ဘာကြောင့် အရေးကြီးလဲဆိုလျှင် အေအိုင်က ဦးနှောက်လိုအလုပ်လုပ်ပါက အေအိုင်၏ နျူရွန်များ အလုပ်လုပ်ပုံကိုဖော်ထုတ်ပြီး ဦးနှောက်တွင်ဖြစ်သည့် ရောဂါများကို ဖြေရှင်းနိုင်မည်ဖြစ်သည်။ ထိုရည်မှန်းချက်ဖြင့်ပင် အေအိုင်ကို ဦးနှောက်လိုတွေးရန် ကြိုးစားခဲ့ကြခြင်းဖြစ်သည်။ ယခုနောက်ဆုံးရလဒ်ကတော့ အာရုံကြောကုသရေးနယ်ပယ်အတွက် သတင်းကောင်းတစ်ခုမဟုတ်ဟု ဆိုနိုင်ပါသည်။

Ref: scitechdaily

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံ(၁၀) ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၄၄၁)ဟုခေါ်တွင်သော ဒေါ်စိန်စိန်အမည်ပေါက် ပါမစ်မြေအမျိုးအစား အလျား (၂၀)ပေxအနံ (၆၀)ပေမြေကွက်၊ အိမ်၊ လျှပ်စစ်မီတာ၊ အကျိုးခံစားခွင့်အားလုံးတို့ကို ယခုရောင်းချသူ ဒေါ်မေမွန်မွန်ထက် [၉/စမစ(နိုင်) ၀၁၀၈၆၆]မှ ဆက်စပ်စာချုပ်များဖြင့် တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိသူဖြစ်၍ ဝယ်ယူသူ ကျွန်ုပ်မိတ်ဆွေ ဦးဇော်ဇော်[၁၂/ပဘတ(နိုင်)၀၀၂၅၉၈]မှ အဆိုပါအိမ်နှင့်ခြံအား ဝယ်ယူပိုင်ဆိုင်ရန်အတွက် (၂၅-၇-၂၀၂၆)ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက စာရွက်စာတမ်းမူရင်းနှင့်တကွ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက် နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဇော်[၁၂/ပဘတ(နိုင်)၀၀၂၅၉၈]၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်လွင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၄၈၂)**
**ည/၁၂၂၄၊ ရော(၂၂)လမ်း၊ (ည)ရပ်ကွက်၊ မြောက်ဥက္ကလာပ၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၄၃၀၇၃၆၅၉၊ ၀၉–၉၅၃၀၇၃၆၅၉**

## အသိပေးတားမြစ်ခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ (GELC) Genesis Education And Language Center (Myanmar) မှ တာဝန်ရှိသူ ဦးအောင်ရဲထက်ပိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးတားမြစ်အပ်ပါသည်–

ဖော်ပြပါ ကျွန်တော်၏မိတ်ဆွေလုပ်ကိုင်နေသော ပညာရေးလုပ်ငန်း နှင့် စပ်လျဉ်း၍ မသမာသူများမှ TikTok အကောင့်တုများဖြစ်သော (Q, Henry, Z, Owen)အကောင့်အမည်များဖြင့် လှောင်ပြောင်ခြင်း၊ သရော်ခြင်း၊ မမှန်ကန်သည့်အချက်အလက်များ တင်ပြခြင်းများရှိနေကြောင်း တွေ့ရှိရပါသည်။ ယင်းသို့လုပ်ရပ်များသည် ကျွန်တော့်မိတ်ဆွေ၏ ပညာသင်ကြားရေးလုပ်ငန်းအပေါ် အများသူငှာမှ ထင်ယောင်ထင်မှားဖြစ်စေပြီး လုပ်ငန်း၏ဂုဏ်သရေကို ထိခိုက်မှုရှိနေပါသည်။ သို့ဖြစ်ပါ၍ ယင်းသို့သော မသမာသည့်လုပ်ရပ်များကို မပြုလုပ်ရန် တားမြစ်ပါသည်။ ဆက်လက်၍ ဖော်ပြပါလုပ်ရပ်များကို ပြုလုပ်ကျူးလွန်နေကြောင်း တွေ့ရှိရပါက ကျူးလွန်သူများအပေါ် ရာဇဝတ်ကြောင်းဖြင့် အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှိုင်ဘွား(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၁၃၀/၂၀၁၂)**
**အမှတ်–(၄၇၅)၊ ပထမထပ်၊ သုမနလမ်း၊ (၁၆/၂)ရပ်ကွက်၊**
**သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၈၉၂၇၅၅၀၁၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၅)၊ အာသာဝတီလမ်း၊ မြေကွက်အမှတ်(၁၄၆၇)၊ အကျယ်အဝန်း (အလျား၄၀ပေx အနံ ၆၀ပေ)ရှိ ဦးထွန်းမြတ်[၁၂/ဗဟန(နိုင်)၀၂၅၃၅၃]အမည်ပေါက် မြေချပါမစ်မူရင်းမြေကွက်အနက်မှ တရားဝင်ခွဲစိတ်ရသေးခြင်းမရှိသော (အလျား ၁၀ ပေxအနံ ၆၀ ပေ)ရှိ ပါမစ်မိတ္တူခြမ်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ် တို့ကို အရပ်စာချုပ်အဆက်ဆက်မူရင်းများဖြင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိစီမံခန့်ခွဲ ပိုင်ခွင့်၊ ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဒေါ်စန်းစန်းမြင့်[၁၂/သကတ(နိုင်) ၀၉၆၁၃၅]က ကတိပြုပြောဆိုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှု စာရွက်စာတမ်း(မူရင်း)အပြည့်အစုံနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စိုးစိုးသိန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၄၀၉/၁၉)**
**အမှတ်(၄၄၇/က)၊ အောင်သပြေ(၂)လမ်း၊ (၈၀)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၂၀၀၄၉၃၈၀၊ ၀၉–၇၉၅၃၃၅၂၇၅၊**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ ဦးစံညွန့်လမ်း၊ အမှတ်(၁၀)ရှိ (၆)ထပ်တိုက်၏ မြေညီထပ်(ခြေရင်းခန်း) အကျယ် အဝန်း (၅၀ ပေx၁၂ပေခွဲ)ဟုခေါ်တွင်တည်ရှိပြီး ကိုယ်ပိုင်ရေမော်တာ၊ ကိုယ်ပိုင် မီတာပါဝင်သော တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းနှင့်ဆက်စပ်သော အကျိုး ခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်စန်းနီလာ [၁၂/ဗဟန(နိုင်)၀၈၀၇၀၅]က ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင် လက်ဝယ်ရှိသည့်အပြင် တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း၊ မည်သည့် ပိုင်ဆိုင်မှုဆိုင်ရာ အရှုပ်အရှင်းတစ်စုံတစ်ရာမျှ မရှိပါကြောင်း ဝန်ခံကတိပြုပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခင်သက်ဆွေ [၁၂/တတန(နိုင်)၁၇၁၃၇၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်း အရောင်း/အဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက် လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုဆိုင်ရာ စာချုပ်စာတမ်း(မူရင်း)အထောက်အထား ခိုင်လုံစွာဖြင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက် မည့်သူမရှိပါက ဤတိုက်ခန်းအရောင်း/အဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည် အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးနိုင်ဝင်း (LL.B) အထက်တန်းရှေ့နေ (စဉ် – ၅၀၀၉၈)**
**အမှတ်(၂၄)၊ (၆)လွှာ၊ စမ်းချောင်းလမ်း၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊**
**စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၆၀၆၁၀၁၃၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ/ရတနာပုံ)ရပ်ကွက်၊ အကွက်အမှတ်(တတ–၃၄)၊ ဦးပိုင်အမှတ်(၅၀)၊ ၄၅x၄၆ လမ်းကြား၊ ၁၂၄x၁၂၅ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ တပ်သား ကျော်အောင်လင်း ကပ–၈၆၁၂၈၆ [၆/မအရ(နိုင်)၀၉၅၃၅၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်(၉)ရပ်ကွက်၊ဝါယာလက်(၁)လမ်း၊ အမှတ်(၃၇၀/က)ဟုခေါ် တွင်သောမြေကွက်ပေါ် တွင်ဆောက်လုပ် လျက်ရှိသည့်တစ်စန်းတွဲ(၈)ထပ်တိုက်(ဓာတ်လှေကားအပါအဝင်) (၆)လွှာ၊ပဉ္စမထပ်(၁၅၀၀)စတုရန်းပေရှိမိနီကွန်ဒိုတိုက်ခန်း

**အရောင်းအဝယ်အားကန့်ကွက်နိုင်ပါကြောင်း။**

အထက်ဖော်ပြပါ ကွန်ဒိုတိုက်ခန်းအားကန်ထရိုက်တာများဖြစ်သော ဦးဝင်းကျော်မြင့် (၁၂/မဘတ (နိုင်) ၀၁၉၈၅၄) ဦးသိန်းရွှေ (၁၂/ကတတ (နိုင်) ၀၁၈၅၄၇) တို့က မြေရှင်နှင့်ကန်ထရိုက်တာတို့ချုပ်ဆိုထားသည့် သဘောတူကတိစာချုပ်အရ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ပိုင်ဆိုင်ပါကြောင်းနှင့်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြုကြသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ)အချို့ကို ပေးချေထားပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့်ပတ်သက် ၍ ပိုင်ရေးဆိုင်ခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း) များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- **ဒေါ်နွယ်နီအေး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၃၃၉)**
အမှတ်(၃/၃၀၄)၊ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၂၂၁၀၈၀၇

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအနောက်ရပ်ကွက်၊ ဈေးကြီးလမ်း၊ အမှတ်–၃၄ တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်–၂၆စီ ၁၊ ပဋ္ဌမတန်းစားမြေမျိုး၊ မြေကွက်အမှတ်–၁၈၊ ဧရိယာ (၀.၀၂၈)ဧကရှိ မြေပိုင် မြေကွက်နှင့် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်တို့ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်သူ ဦးလွင်ကိုကိုထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်သဘောတူ၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဖော်ပြပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက် အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါ သည်။

မှတ်ချက်။ ။ အထက်ပါကြေညာခြင်းမှာ (၃-၇-၂၀၂၆)ရက်နေ့ ကြေးမုံသတင်းစာ၊ စာမျက်နှာ–၂၆ ကြော်ငြာတွင် ပါရှိပြီးဖြစ်ရာ အမည်ပေါက် ဦးလွင်ကိုကိုအား ဦးကိုကိုလွင်ဟု မှားယွင်းနေသည့်အတွက် အသစ်ပြန်လည်ကြော်ငြာခြင်းဖြစ်ပါ သည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်လှတင်(LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၄၅)**
**အမှတ် – ၈၅၊ (၃၇)လမ်း၊ ကျောက်တံတားမြို့နယ်။ ဖုန်း – ၀၉–၅၀၂၁၂၄၄**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– ၁၆/၃၊ မြေကွက်အမှတ်(၃၈၆)၊ မြေဧရိယာ(၄၀ပေx ၆၀ပေ)အကျယ်အဝန်းရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး တို့ကို (၁)ဒေါ်တင်စို[၁၄/မအပ(နိုင်)၀၂၃၉၁၉]၊ (၂)ဦးဝင်းတင် [၁၂/သဃက(နိုင်) ၁၃၄၃၇၃]၊ (၃) ဒေါ်အေးအေးမော် [၁၄/မအပ(နိုင်)၁၀၁၀၀၁]တို့မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ၎င်းတို့၏ပိုင်ဆိုင်မှုကို လွှဲပြောင်းရောင်းချရန်အတွက် စကားကမ်းလှမ်းရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းလှ[၁၀/ပမန(နိုင်)၀၅၈၅၈၅]မှ အပြီး အပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဖော်ပြပါမြေကွက်နှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေမှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ် ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဒေါ်စိုးစိုးမြတ် (LL.B,D.B.L)** | **ဒေါ်သီတာဦး (LL.B,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၄၃၅)** | **အထက်တန်းရှေ့နေ (စဉ်–၅၇၀၃၆)** |

**အမှတ်(၅၈၊၅၉)၊ သံသုမာလမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၉၈၁၂၆၆၇၀၊ ၀၉–၆၇၀၇၅၅၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–သကမ–၁၅၊ မြေကွက် အမှတ်–၈၁၉/က၊ ဧရိယာ–၀.၀၂၇၅ ဧက၊ မြေကွက်တည်နေရာအမှတ်–၈၁၉/က၊ သုမင်္ဂလာလမ်း၊ ၁၉–ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးညီညီအောင် [၁၂/မရက(နိုင်) ၁၄၄၂၀၅]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးညီညီအောင် (ခင်ပွန်း)သည် (၂၃–၁၀–၂၀၂၅)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်သန္တာအောင်[၉/ သခန(နိုင်)၁၁၈၆၇၃]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားသော ဇနီး/မိန်းမ တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းတစ်ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်းဆိုင်ရာဥပဒေတို့အရ တရားဝင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ (၂)စောင်၊ ဦးညီညီအောင်သေစာရင်း၊ ဂရန်မူရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ် ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာ ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက် အမှတ်(ဘ–၃)၊ ဦးပိုင်အမှတ်(၃–က)၊ ၅၈x၅၉ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယင်ယင်မြင့် [၈/ ရစက(နိုင်)၁၀၁၀၃၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ အထက(ခွဲ) အောင်ဇေယျာ Grade–4 မှ မောင်ဝေယံဟိန်း၏ ဖခင် အမည်မှန်မှာ ဦးမျိုးမင်းထိုက် [၉/မထလ(နိုင်)၂၀၉၆၁၉] ဖြစ်ပါ ကြောင်း။

**မညွန့်**
**အိမ်၊ ခြံ၊ မြေရောင်းဝယ်ရေး**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊
မြောက်ပိုင်း၊ တောင်ပိုင်း၊
ဆိပ်ကမ်း လေးမြို့နယ်ရှိ
မြေကွက်များ ဝယ်လိုသည်။
**Ph:09-250370756**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက် အမှတ်(ဒဒ–၁၈)၊ ဦးပိုင်အမှတ် (၂၅)၊ ၅၈x၅၉ ကြား၊ ၁၂၈x၁၂၉ ကြားရှိ ဂရန်မြေကွက်အမည် ပေါက်သူ ဦးအောင်သိန်း [၉/ မကန(နိုင်)၀၅၁၄၉၆]၏ အထူး ကိုယ်စားလှယ်လွှဲစာ အမှတ်(၁/ ၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးခင်မောင်ဝင်း [၉/မကန(နိုင်) ၀၈၃၁၂၂]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန် မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက် အမှတ်(ဠ–၁၁)၊ ဦးပိုင်အမှတ် (၁၁–က)၊ ၆၀x၆၁ ကြား၊ ကျန်စစ် သားxပရန်တော်ချောင်းကြားရှိ မြေကွက်အား တောဂရန်အမှုတွဲ အမှတ်(၉၅၃/၉၁–၉၂)အရ ဦးချစ်ငွေ မှတ်ပုံတင်အမှတ်[၉/မနတ(နိုင်) ၀၂၄၇၁၄] အမည်ပေါက်သို့ မြေရာဇဝင် ၁–က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဦးချစ်ငွေ မှတ်ပုံတင်အမှတ် [၉/ မနတ(နိုင်)၀၂၄၇၁၄]မှ မြို့ပြစီမံ ကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီ များဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ UE–1 တိုးချဲ့ (၁)ရပ်ကွက်၊ BM(၁)လမ်း၊ မြေကွက်အမှတ်(၁၇၅)၊ မြေအကျယ်အဝန်းပေ (၄၀ x ၆၀)၊ ဧရိယာ(၂၄၀၀)စတုရန်းပေရှိ (ပါမစ်မူရင်း) ဒေါ်ကြူကြူထွန်း အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေကွက်၏ ခြေရင်းခြမ်း အလျား(၂၀)ပေx အနံ(၆၀)ပေ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးအား တစ်ဆင့်ဝယ်ယူထားသူ ဒေါ်တိုးတိုးလွင် [၁၂/တကန(နိုင်) ၀၀၄၄၆၂]ကိုင်ဆောင်သူမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ထုတ်ဖော်ဝန်ခံခဲ့သဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဌေးနိုင်ဦး [၁၁/မပန (နိုင်)၁၀၄၉၁၄]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာ ပါသည့်နေ့ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်သည့် စာချုပ်စာတမ်းအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သန်းသန်းဝင်း (LL.B,PGDCA) တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၈၂၀)**
**အမှတ်(၄၂၂)၊ ယာဥ်ငယ်(၂)လမ်း၊ (၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၄၃၁၈၈၆၄၂**

## "ကန့်ကွက်နိုင်ရန်နှင့် အများသိစေရန်ကြညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်– ၈၉၊ မြေကွက်အမှတ်(၇၁)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၉)ရပ်ကွက်၊ အမှတ်(၇၁)ဟုခေါ်တွင်သော ဦးကြည်ဝင်း အမည်ပေါက် ပါမစ်မြေ အမျိုးအစား၊ အကျယ်အဝန်း(၄၀x၆၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားသူ ဦးအောင်ကျော်လတ်[၁၂/ဒဂဆ(နိုင်)၀၂၁၅၄၀]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းပါကြောင်း ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါခြံမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ် ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာဆက်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၇၇၂)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၇၉၅၆၅၅၀၈၂**

## "အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ဒေါ်စောမြတ်ကလျာ [၁၂/မရက(နိုင်)၁၀၇၆၄၀]နှင့် အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိပ်ကုန်းရပ်ကွက်၊ ရှောဝတီလမ်းသွယ်၊ အမှတ်(၅)နေ ကျွန်ုပ်မိတ်ဆွေ ဦးဆွေဝင်း[၁၂/မဂဒ (နိုင်)၀၉၅၈၂၅]၏ လွှဲအပ်ချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ကျွန်ုပ်မိတ်ဆွေက (၂၀၂၂)ခုနှစ်၊ နိုဝင်ဘာလ(၁၅)ရက်နေ့တွင် ရန်ကုန် မြို့တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ဒေါ်စောမြတ်ကလျာ[၁၂/မရက (နိုင်)၁၀၇၆၄၀]ထံသို့ လွှဲအပ်ခဲ့သည့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၄၂၁/၂၄၂၂/၂၄၂၃/၂၄၂၄/၂၄၂၅/၂၄၂၆/၂၄၂၇)တို့အား ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်းနှင့် အဆိုပါအထူးကိုယ်စားလှယ်စာများကို ဆက်လက်သုံးစွဲဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် မည်သည့်အရှုပ် အရှင်းကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ဒေါ်စောမြတ် ကလျာနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးသန်းဝင်းနိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် –၁၈၃၅၀)**
**၉လမ်း၊ ၇၆x၇၇ လမ်းကြား၊ အမရဌာနီအရှေ့ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း–၀၉–၇၉၃၀၃၇၅၃၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက် အမှတ်(ဘ–၃)၊ ဦးပိုင်အမှတ်(၃–ခ)၊ ၅၈x၅၉ ကြား၊ ၁၁၇x၁၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ယင်ယင်မြင့် [၈/ ရစက(နိုင်)၁၀၁၀၃၄]က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်း အဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၁၄၅)၊ မြေကွက်အမှတ်(၇၄၇)၊ အကျယ်အဝန်း(၄၀ ပေx ၆၀ ပေ)ရှိ ပါမစ်မြေကွက်သည်–ဦးတင်ထွန်း[၁၂/မဂဒ(နိုင်)၀၀၅၃၀၁] အမည်ပေါက်သော မြေကွက်ဖြစ်ပါသည်။ ယင်းမြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၄၇)၊ (၁၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သော ကြောင့် အရပ်ကတိဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဦးရဲလင်းထိုက်[၇/ပတတ(နိုင်)၀၇၅၀၆၆]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဝန်ခံရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးတင်မျိုးအောင် [၅/ယမပ(နိုင်)၀၈၉၀၁၁]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ အထောက် အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** | **ဒေါ်သင်းစုမွန် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၈၀၅၀)** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၂၁)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

## ဗိုလ်မှူးကြီး သိမ်းထူး(ငြိမ်း)

**ကြည်း-၈၇၉၈၊ ဗိုလ်သင်တန်းအပတ်စဉ်(၂၈)**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ မာလာမြိုင်ရိပ်သာလမ်း၊ အမှတ်(၅၃၁/E1)နေ (ဦးဘိုးခွေး-ဒေါ်ညိန်းမွှေး)တို့၏သား၊ ဦးကျော်တင်-(ဒေါ်မြင့်ကြည်)၊ [ဗိုလ်မှူးသူရအုန်းခိုင်(လေ)]-ဒေါ်သန်းသန်းအေးတို့၏ မောင်/ညီ၊ ဦးသန်းဇော်-ဒေါ်သန်းနွဲ့၊ ဒေါ်အေးအေးခိုင်၊ ဒေါ်မြမြခိုင်၊ (ဦးတင့်မော်-ဒေါ်အေးအေးသက်)၊ (ဦးကြည်ခိုင်)-ဒေါ်ညိုညိုဝင်းတို့၏ အစ်ကို၊ (ဒေါ်အေးယုံ)၏ ခင်ပွန်း၊ ဦးရဲထူး-ဒေါ်ချယ်ရီ၊ ဒေါ်အေးသိမ့်သိမ့်ထူးတို့၏ ဖခင်၊ မြေး နှစ်ယောက်တို့၏ အဘိုးဖြစ်သူ ဗိုလ်မှူးကြီး သိမ်းထူး(ငြိမ်း)သည် ၂၅-၇-၂၀၂၆ (စနေနေ့) ည ၁၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၇-၇-၂၀၂၆ (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း

## ဦးစောမော်ဂင်

**SCHLUMBERGER (MALAYSIA)**

**အသက်(၇၆)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စေတနာမွန်လမ်း၊ အိမ်အမှတ်(၈)နေ (ဦးဖိုးဒင်-ဒေါ်မေစီ)တို့၏ သားထွေး၊ (ဦးဘဆန်း-ဒေါ်မြလေး)တို့၏ သားသမက်၊ ဒေါ်သင်းသင်းနွယ်၏ ချစ်လှစွာသော ခင်ပွန်း၊ (ဦးစောတော်မီဖိုးဒင်-ဒေါ်နော်သိန်းရင်)၊ (ဦးစောချာချီ)၊ ဦးစောလှထွန်း-(နော်ဖေဖ)၊ ဒေါ်ဖရီးဒါ-ဦးစိုးဝင်း၊ ဦးစောယူဂျင်းဖိုး-ဒေါ်နော်ရီ၊ ဦးစောဝင်းဂိတ်ဖိုး-ဒေါ်နော်မေဖေါတို့၏ ချစ်လှစွာသော ညီမောင်၊ တူ/တူမ (၁၈)ယောက်တို့၏ ဦးလေး၊ နော်သူဇာထွန်း(ခ)ပုံ့ပုံ့-(ဦးသက်နိုင်အေး)၊ နော်ဇင်မာထွန်း(ခ)ဝါလေး-ဦးဂျက်ဝင်းအေး၊ ဦးစောမိုရှေးတို့၏ ချစ်လှစွာသော မွေးသဖခင် ကျေးဇူးရှင် မမေမြင့်မြတ်(ခ)ဖိုးမူအယ်၊ ALEXANDER မိုရှေး၊ အီစတာဂျက်တို့၏ ချစ်လှစွာသော အဘိုးသည် ၂၅-၇-၂၀၂၆ (စနေနေ့) နံနက် ၁:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၇-၇-၂၀၂၆ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်ပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး၊ ရပ်နီးမှ ဆွေမျိုးသင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း

## ပါမောက္ခ ဒေါက်တာ ဦးကျော်စွာလှိုင်

## အသက်(၆၈)နှစ်

ဆီးနှင့်ကျောက်ကပ် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးကျော်စွာလှိုင်သည် ၂၄-၇-၂၀၂၆ ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းမိသားစုများ**

**အာရှတော်ဝင်ဆေးရုံ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ပါမောက္ခ ဦးကျော်စွာလှိုင်

ပါမောက္ခ /ဌာနမှူး-ဆီး/ကျောက်ကပ်ခွဲစိတ်(ငြိမ်း)

ဂုဏ်ထူးဆောင်ပါမောက္ခ ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်

မြန်မာနိုင်ငံဆေးကောင်စီအဖွဲ့ဝင်

**အသက်(၆၈)နှစ်**

ပါမောက္ခ ဦးကျော်စွာလှိုင်(ငြိမ်း)သည် ၂၄-၇-၂၀၂၆ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်**

**ဆရာဝန်များအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ပါမောက္ခ ဦးကျော်စွာလှိုင်

ဂုဏ်ထူးဆောင်ပါမောက္ခ၊ တပ်မတော်ဆေးတက္ကသိုလ်

**အသက်(၆၈)နှစ်**

ပါမောက္ခ ဦးကျော်စွာလှိုင်(ငြိမ်း) သည် ၂၄-၇-၂၀၂၆ ရက်(သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်ဆေးတက္ကသိုလ်**

**ဆီးနှင့်ကျောက်ကပ်ခွဲစိတ်ဆရာဝန်များ**

---

## (၁၅)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

**ကိုထက်အောင်လှိုင်(ခ)ကိုပြည့်ကျော်ဦး**

**(၂၇-၇-၂၀၁၁ မှ ၂၇-၇-၂၀၂၆)**

သားလေးရေ....

သဘာဝ သင်္ခါရကို အံတုပြီး ပြန်လုလို့ထားချင်တယ် သားလေးရယ်။ တစ်ရက်၊ တစ်ပတ်၊ တစ်လ၊ တစ်နှစ်မှသည် (၁၅)နှစ်ပြည့်သည့် ယနေ့တိုင်ထိ တစ်ရက်မှ မေ့မရ သတိရလွမ်းဆွတ်နေခဲ့ရပါတယ်။ သားလေးရဲ့ ပုံရိပ်များက မေမေတို့ရင်ထဲ ထာဝရ ရှင်သန်နေဆဲပါကွယ်.....

သားလေးကို ရည်စူးပြီး နေ့စဉ်၊ လစဉ်၊ နှစ်စဉ် ကောင်းမှုအစုစုပြုပေးလျက်ပါကွယ်၊ ဒီနေ့လည်း ဘီလင်းမြို့ ကျိုက်ထီးဆောင်းဆံတော်ရှင်စေတီတော်မြတ်တွင် နဝကမ္မ အလှူတော်ငွေ သိန်း(၁၀၀)ကျပ်ကို ဆပ်ကပ်လှူဒါန်းခြင်းနှင့် က-၂၀၁ ရိုးကြီးချောင်းပတ်လမ်း၊ ဘုရင့်နောင်ပွဲရုံတန်းရှိနေအိမ်တွင်လည်း ဝါဆိုသင်္ကန်းကပ်ခြင်း၊ နေ့ဆွမ်းကပ်လှူခြင်း စသည့်လှူဒါန်းမှုတို့ကို ကုသိုလ်ယူလျက်ရှိပါတယ်ကွယ်။ ပြုပြုသမျှ ကုသိုလ်အမှု ဒါနအစုစုတို့ကို မြင့်မြတ်သောဘုံဘဝမှ သာဓုအနုမောဒနာခေါ်ဆိုပါ သားလေးရယ်......အမျှ.....အမျှ......အမျှ။

**ဦးခင်မောင်ဦး+ဒေါ်အေးမိစံ**

**ဇနီး-ဒေါ်ချိုသန္တာဝင်း**

**သမီး-မအိမ့်ခြူးပန်**

**ညီမ-မဝေရည်မွန်ကျော်**

**ညီလေး-မောင်ချမ်းငြိမ်းသူ**

---

## မောင်ကောင်းခန့်

**အသက်(၃၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ ဦးခင်မောင်ကြည်-(ဒေါ်ခင်ခင်ငြိမ်း)တို့၏ သားငယ်၊ မခင်ပြည့်စုံမောင်၏ ချစ်လှစွာသော မောင်ဖြစ်သူ မောင်ကောင်းခန့်သည် ၂၃-၇-၂၀၂၆ (ကြာသပတေးနေ့) ည ၁၁:၄၀ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စ ရောက်ရှိသွားပါသဖြင့် ၂၄-၇-၂၀၂၆ (သောကြာနေ့)တွင် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးခဲ့ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ကျန်ရစ်သူမိသားစုမှ ရက်လည်ဆွမ်းကျွေး အမျှပေးဝေ၊ ပရိတ်တရားတော်နာ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ၂၉-၇-၂၀၂၆ (ဗုဒ္ဓဟူးနေ့) (ဝါဆိုလပြည့်နေ့)၊ နံနက် ၇ နာရီမှ မွန်းလွဲ ၁၂:၃၀ နာရီထိ အာဟာရဒါန အလှူပြုလုပ်လိုပါသဖြင့် အမှတ်(၀၈-၀၇)၊ (၈)လွှာ၊ အခန်း(၀၇)၊ ငွေချမ်းသာ၊ ချမ်းသာဂုဏ်ရောင်ကွန်ဒို၊ သံသုမာလမ်း၊ တာမွေမြို့နယ်သို့ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ စံပယ်လမ်းနှင့်စက်ရုံလမ်းထောင့်၊ တိုက်(၁)၊ အခန်း အမှတ်(၄၀၁)ဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း(၃၀ပေx၃၀ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းပေါ်ရှိ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဒေါ်မိမိခင်[၉/မကန(နိုင်)၀၄၂၇၉၇]မှ ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မျိုးအိန္ဒြေထွန်း[၁၂/မဂတ(နိုင်)၁၁၂၉၁၅]တို့မှ အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးကျော်လှိုင်သိန်း (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၂၂)**

**တိုက်(၃)၊ အခန်း(၂)၊ မြေညီ၊ နှင်းဆီလမ်း၊ သာယာကုန်းရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၄၃၇၄၁**

---

## "ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ အိုးဘိုလမ်း၊ တိုက်အမှတ်(၄၃)၊ မြေညီ+ထပ်ခိုး၊ အကျယ်အဝန်း (အလျား၂၅'xအနံ၅၀')တိုက်ခန်းနှင့် ယင်းတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သိင်္ဂီထွန်းနိုင်[၁၃/ကတန(နိုင်)၀၈၄၆၀၂]ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက (၁၄)ရက်အတွင်း ခိုင်မာသည့် အထောက်အထားများနှင့်တကွ ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်အတည်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဦးမောင်မောင်သန်း တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၈၂)**

**အမှတ်-၉/၁၁၊ အခန်း(၃၀၁)၊ ၃၆-လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၄၄၈၀၂၂၉၀၀၊ ၀၉-၄၄၃၁၅၁၂၈၅**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ ဒရယ်ဘိုကျေးရွာ၊ မေတ္တာလမ်း၊ အမှတ်(၈၉)ဟု ခေါ်တွင်သည့်နေအိမ်နှင့် ယင်းနေအိမ်တည်ရှိရာ အလျား ၃၈ ပေ၊ အနံ ၉၀ ပေရှိမြေကွက်ကို လက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးခိုင်[၁၂/လကန(နိုင်)၁၃၄၆၀၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူ မည်သူမဆိုသည် ပိုင်ဆိုင်မှုဆိုင်ရာစာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သန္တာဦး (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၁၇၉)**

**အမှတ်(၄၂)၊ သီတာအေး(၇)လမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ လှည်းကူးမြို့။**

**ဖုန်း-၀၉-၇၉၅၄၇၅၈၇၉**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်နေ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နန်းမြတ်သူဇာ [၁၃/လရန(နိုင်)၁၆၄၈၉၇]၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(36-D)၊ မြေကွက်အမှတ်(၈၈/၁၅)၊ မြေဧရိယာ(၀.၂၃၁)ဧက၊ မြေအမျိုးအစား-မြေပိုင်မြေ၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက် ဦးတင်ရှိန်[၁၂/လသန(နိုင်)၀၀၇၅၂၂]မှ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြီး ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နန်းမြတ်သူဇာ[၁၃/လရန(နိုင်)၁၆၄၈၉၇]က ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုမည့် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည်ဆိုပါက မည်သူမဆိုအထောက်အထားခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ယမင်းလတ် LL.B, D.B.L WIPO (Switzerland)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၆၄/၂၀၁၂)**

**ရုံး-အမှတ်(၉/၁၁)၊ ပထမထပ်၊ (၁၀၃-H) ၊ ၃၆-လမ်းတို၊**

**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

**ဖုန်း-၀၉-၆၆၂၄၅၉၂၆၃၊ ၀၉-၅၁၈၁၂၁၀**

---

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၁၂၂/က)၊ ဧရိယာ(၁၂၀၀)စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ်(၁၂၂/က)၊ သုခိတာ(၁၄)လမ်း၊ (၂)ရပ်ကွက်၊ ဦးငွေးဝင်း[၁၂/ဥကမ(နိုင်)၀၉၅၈၃၀] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက် ဦးငွေးဝင်း(ခင်ပွန်း)သည် (၁၅-၃-၂၀၂၅)ရက်နေ့တွင် ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်ဝင်းကြည် [၁၂/ဥကမ(နိုင်)၀၇၆၁၁၉]မှ တရားဝင်အမွေဆက်ခံပိုင်ဆိုင်သည့် တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ မိမိမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မှ မရှိသည်မှာ မှန်ကန်ကြောင်း ကျမ်းကျိန်အမှတ်-၁၅၇၄/၂၀၂၆ (၇-၅-၂၀၂၆)၊ ထောက်ခံကျမ်းကျိန်(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်၊ ဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**

**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်**

**စည်ပင်သာယာရေးကော်မတီ**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၄၃)၊ (၅လွှာ)စတုတ္ထထပ်(မျက်နှာမူလျှင်ဝဲဘက်)ဟုခေါ်တွင်သည့် အကျယ်အဝန်း(၁၂ ½ x၅၀)ပေရှိ တိုက်ခန်းနှင့်ကိုယ်ပိုင်မီတာ၊ ရေမော်တာ၊ စွဲကပ်တည်ရှိနေသောအရာများ၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်နိုင်ဦး[၁၂/မဂတ(နိုင်)၁၂၆၁၈၉] (TGKN-055825)က တရားဝင်ရောင်းချပိုင်ခွင့်အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအေးမော် (B.Sc, H.G.P, D.B.L, D.A.Psy)**

**အထက်တန်းရှေ့နေ (စဉ်-၁၈၆၀၉)**

**အမှတ်(၁၂၄)၊ (၅၂)လမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၅၁၄၃၅၈၃၊ ၀၉-၇၉၅၉၁၉၈၄၅**

---

## ဝယ်ယူမည်ဖြစ်ကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ ရိုးခွကျေးရွာ၊ ရိုးခတောင်ဘက်လမ်းပေါ်ရှိ ရွာမြေအမျိုးအစား ဦးညဏ်အောင် ပိုင်ဆိုင်သော (၂၀x၆၀)ပေ မြေကွက်နှင့်မြေပေါ်ရှိ တစ်ထပ်တိုက်ခံလုံးချင်းအိမ်ကိုလည်းကောင်း၊ ၎င်းနှင့်ကပ်လျက်ရှိ ဦးထွန်းကိုကို ပိုင်ဆိုင်သော (၁၅x၆၀)ပေ မြေကွက်လွတ်တို့ကိုလည်းကောင်း တစ်ဆက်တစ်ဆက်တည်း ဆက်စပ်အကျိုးခံစားခွင့်နှင့်တကွ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေသည် စရန်ငွေတစ်စိတ်တစ်ဒေသအား ပိုင်ရှင်များ လွှဲအပ်ခြင်းခံရသူဟုအဆိုပြုသူ ဒေါ်အိလေး[၁၂/ ထတပ(နိုင်)၀၉၁၇၃၀]သို့ ပေးချေထားပြီးဖြစ်၍ (၃၀-၇-၂၀၂၆)ရက်နေ့တွင် ပိုင်ရှင်များနှင့် တိုက်ရိုက်တွေ့ဆုံ ကျန်ငွေပေးချေပြီး ပစ္စည်းများလက်ရောက်လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးမြတ်ထွန်း**

**အထက်တန်းရှေ့နေ(စဉ်-၅၆၃၄၆)**

**အမှတ်(၁၄၀)၊ ဒု-ထပ်၊ (၃၉)လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၅၁၄၂၂၈၄၂**

---

## "အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်၏မိတ်ဆွေသည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၈၂)ရပ်ကွက်၊ စေတနာ(၆)လမ်း၊ အမှတ်(၁၁၃၀)ဟု ခေါ်တွင်သော အလျား (၄၀)ပေxအနံ(၆၀)ပေရှိ မြေကွက်ထဲမှ အလျား (၂၀)ပေxအနံ(၆၀)ပေ (ခြေရင်းခြမ်း)ရှိ မြေကွက်အား ပါမစ်အမည်ပေါက် ဦးကြီးမောင် ထံမှ အဆင့်ဆင့်ဝယ်ယူခဲ့ပါသည်ဆိုသော ဦးနိုင်ရဲကျော် [၁၄/မအပ(နိုင်)၂၇၈၇၁၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးထက်ညီညီ [၁၄/ဝခမ(နိုင်)၃၁၄၁၃၂]မှ (၁၀-၃-၂၀၂၄)ရက်နေ့တွင် နှစ်ဦးသဘောတူ အိမ်ခြံမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရှေ့၌ ဝယ်ယူပြီး လက်ရောက်နေထိုင်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျူးကျော်ဝင်ရောက်နေထိုင်သူများမဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထက်ညီညီ၏ လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဥမ္မာထွေး (LL.B, D.B.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၂၅၀)**

**အမှတ်(၉/၁၁)၊ ဒုတိယထပ် (၂၀၂/E)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၃၁၃၇၆၇၃၊ ၀၉-၉၈၀၀၅၆၅၅၈**

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ (ကျွန်း/တောင်)ရပ်ကွက်၊ ညောင်တုန်းလမ်း၊ အမှတ်(၄)ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ခန်းတည်း (၈)ထပ်တိုက်(Lift ၁ စီးပါ)အဆောက်အဦမှ ၄-လွှာ(တတိယထပ်)၊ အကျယ်အဝန်း(၂၅ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်သက်သက်လွင်[၁၂/ကမတ(နိုင်)၀၀၈၉၄၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်စရန် ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ ( ၇ )ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ဆွေသီလင်း(LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၆၁၀)**

**အမှတ်(၁၂၂)၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း(၁)၊ ငမိုးရိပ်ရပ်ကွက်၊**

**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၀၃၇၂၂၇၆၂**

---

**သွေးသည် အသက်**

❖ နိုင်ငံတော် ရှေ့သို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## အာရှအားကစားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်း ဩဂုတ်လအတွင်း စတင်လေ့ကျင့်မည်

ရန်ကုန် ဇူလိုင် ၂၆

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် ဂျပန်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၂၀) မြောက် အာရှ အားကစားပြိုင်ပွဲအတွက် ဩဂုတ်လအတွင်း စတင်လေ့ကျင့်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် လက်ရှိကျင်းပနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပထမအကျော့ပြီးဆုံးသည့် နောက်ပိုင်းမှသာ စခန်းဝင်လေ့ကျင့်မည်ဖြစ်ပြီး ပြင်ဆင်ချိန် တစ်လဝန်းကျင် ရရှိမည်ဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❁



## အာရှအားကစားပြိုင်ပွဲ တက်ဂ်ဘောအားကစားနည်းတွင် မြန်မာအသင်း ပြိုင်ပွဲအမျိုးအစားသုံးမျိုး ယှဉ်ပြိုင်ရန်စီစဉ်

ရန်ကုန် ဇူလိုင် ၂၆

ဂျပန်နိုင်ငံ၌ ကျင်းပမည့် အကြိမ် (၂၀) မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာတက်ဂ်ဘောအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစား သုံးမျိုးယှဉ်ပြိုင်ရန် စီစဉ်ထားသည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲအမျိုးအစားငါးမျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး မြန်မာတက်ဂ်ဘောအသင်းအနေဖြင့် ပြိုင်ပွဲအမျိုးအစား သုံးမျိုးယှဉ်ပြိုင်ရန် စီစဉ်ထားခြင်းဖြစ်သည်။ မြန်မာတက်ဂ်ဘောအသင်းအနေဖြင့် အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲနှင့် အမျိုးသား+အမျိုးသမီး Mixed နှစ်ယောက်တွဲပြိုင်ပွဲတို့တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။

စာမျက်နှာ ၁၇ ကော်လံ ၅ သို့ ❄



အာရှသဲသောင်ပြင်အားကစားပြိုင်ပွဲတွင် မြန်မာတက်ဂ်ဘောကစားသမားများ ယှဉ်ပြိုင်နေစဉ်။

## ထိုင်းခြေစမ်းခရီးစဉ် ဒုတိယမြောက်ခြေစမ်းပွဲတွင် ရန်ကုန်စီးတီးအသင်း နိုင်ပွဲဆက်



ရန်ကုန် ဇူလိုင် ၂၆

၂၀၂၆–၂၀၂၇ ရာသီ MNL ပြိုင်ပွဲအတွက်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံ၌ လေ့ကျင့်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်စီးတီးအသင်းသည် ဒုတိယမြောက် ခြေစမ်းပွဲအဖြစ် ဇူလိုင် ၂၅ ရက်က ထိုင်းလိဂ်–၃ ကလပ် BFB ပတ္တရားအသင်းနှင့် ခြေစမ်းကစားရာ တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ရန်ကုန်စီးတီးအသင်းသည် ပြည်တွင်း ပြည်ပကစားသမားများ အသုံးပြုခဲ့ပြီး တိုက်စစ်မှူး အောင်ကောင်းမာန် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ရန်ကုန်စီးတီးအသင်းသည် ဇူလိုင် ၂၁ ရက်က ကစားသည့် ပထမခြေစမ်းပွဲတွင် ထိုင်းလိဂ်–၃ ကလပ် Pluakdaeng Rayong အသင်းကို နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရထားသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ▲

ရန်ကုန်စီးတီးအသင်းနှင့် BFB ပတ္တရားအသင်းတို့ ခြေစမ်းကစားစဉ်။

## Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုအဆင့် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်း ယှဉ်ပြိုင်မှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇူလိုင် ၂၆

Hyundai ASEAN Championship 2026 အမျိုးသားဘောလုံးပြိုင်ပွဲကို ၂၀၂၆ ခုနှစ် ဇူလိုင် ၂၄ ရက်မှ ဩဂုတ် ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်ရာ မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းပါဝင်သည့် အုပ်စု(B)ပွဲစဉ်များအနက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့် ဖိလစ်ပိုင်အမျိုးသား ဘောလုံးအသင်းတို့၏ အုပ်စုအဆင့်ပွဲစဉ်ကို ဇူလိုင် ၂၈ ရက် ညနေ ၄ နာရီခွဲတွင် ဖိလစ်ပိုင်နိုင်ငံ ကာပက်စ်မြို့ရှိ နယူးခလက်ခ်အားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV HD Channel နှင့် MRTV Sports Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာ**

**ယခုနှစ် ခြောက်လကျော်ကာလအတွင်း YBS ယာဉ် မတော်တဆမှုကြောင့် ဒဏ်ရာရရှိသူ ၃၀ ကျော်နှင့် သေဆုံးသူ ၁၉ ဦးရှိ**

စာမျက်နှာ » ၁၅

**တက္ကသိုလ်ပေါင်းစုံ Esports ပြိုင်ပွဲတွင် အောင်မြင်မှုရရှိခဲ့သည့် အသင်းခြောက်သင်းအား ဆုများပေးအပ်ချီးမြှင့်သွားမည်**

စာမျက်နှာ » ၁၇

## Myanmar Fight(34) မျိုးဆက်သစ် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများ ကျင်းပ



ရန်ကုန် ဇူလိုင် ၂၆

အားကစားနှင့် ကာယပညာဦးစီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် Myanmar Martial Art Group(MMAG)တို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်က အဓိကပံ့ပိုးကူညီကာ 2026–Myanmar Fight(34) မျိုးဆက်သစ်မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို ယနေ့မွန်းလွဲ ၁ နာရီက ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူအားကစားရုံ၌ တွဲဆိုင်း ၁၀ ဆိုင်းကျင်းပသည်။

အဆိုပါပြိုင်ပွဲများ၌ နိုင်မင်းဟိန်း (Vanguart )နှင့် ထက်လင်း (Top One) တို့ပြိုင်ပွဲတွင် ထက်လင်းက လက်သီးတရစပ်ထိုးခဲ့ရာ နိုင်မင်းဟိန်း ပထမအချီမှာ နှစ်ကြိမ်အနားတောင်းခဲ့ရသည်။ စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ●

နိုင်မင်းဟိန်းနှင့် ထက်လင်းတို့ ယှဉ်ပြိုင်ထိုးသတ်စဉ်။